# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှုဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှုဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ်(၀၁၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့တွင်ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

(၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-**

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက်ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့သည့် (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ပင်ဖြစ်ပါသည်။ ရဟန်းရှင်လူပြည်သူအပေါင်းနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အေးချမ်းသာယာသော လူမှုဘဝများ ပိုင်ဆိုင်နိုင်ကြပါစေကြောင်းနှင့် နိုင်ငံတော်အကျိုး၊ ပြည်ထောင်စုအကျိုး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## တရုတ်နိုင်ငံမှ လှူဒါန်းသည့် Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်သန်း doses ထပ်မံရောက်ရှိ




**နေပြည်တော် အောက်တိုဘာ ၁၄**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှထပ်မံ၍ လှူဒါန်းသည့် Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်သန်းအနက် ပထမအသုတ် တစ်သန်းသည် အောက်တို ဘာ ၁၃ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ ညနေ ၆ နာရီတွင် ဒုတိယအသုတ်အဖြစ် Sinovac တစ်သန်း dosesနှင့် ဆေးထိုးအပ် ၁၀၀၁၆၀၀ သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာသည်။ (ဓါတ်ပုံ)

အဆိုပါဆေးများကို ရန်ကုန်တိုင်းဒေသကြီး ကုသရေး/ ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဦးဆောင်သည့်အဖွဲ့က လက်ခံယူခဲ့ပြီး ကာကွယ်ဆေးများကို တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုအပ်ချက်အရ မြေပြင်ခရီးလမ်းကြောင်းမှလည်းကောင်း၊ တပ်မတော် (လေ) နှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီဖြင့် လေကြောင်းခရီးမှလည်းကောင်း အအေးလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်သည်။

ယနေ့အထိ ကာကွယ်ဆေးများရောက်ရှိလာမှု အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဝယ်ယူထားသော COVISHIELD နှစ်သန်း၊ Sinopharm ၁၄ သန်း၊ Sinovac နှစ်သန်း စုစုပေါင်း ၁၈ သန်း doses ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ

*စာမျက်နှာ ၅ ကော်လံ ၁* ❊




မြန်မာ့အလင်း

# သာတူညီမျှ ငဲ့ညှာကြရန်လို

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးသူများ ထပ်ဆောင်းကာကွယ်ဆေး (Booster Doses) ထိုးနှံခြင်းနှင့်စပ်လျဉ်း၍ ဝေဖန်ငြင်းခုံမှုများရှိရာ အထူးသဖြင့် ကာကွယ်ဆေးတစ်ကြိမ်မျှ မထိုးနှံရသေးသူများ မြောက်မြားစွာရှိနေသေးသည့်အခြေအနေတွင် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းကြောင့် ဆေးဖြန့်ဝေမှုသာတူညီမျှမရှိခြင်းအပေါ်တွင် စောဒက တက်ကြခြင်းဖြစ်သည်။ တစ်ဖက်တွင်လည်း ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးရန် အမှန်တကယ်လိုအပ်ကြောင်း ပြသနိုင်လောက်သည့် သိပ္ပံနည်းကျအထောက်အထားများမရှိဟူ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များက ပြောကြားထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အမေရိကန်ကဲ့သို့သောနိုင်ငံကြီးက အပြည့်အဝထိုးနှံပြီးချိန်တွင် ကာကွယ်ဆေးအနည်းငယ်မျှသာ ထိုးနှံနိုင်သေးသည့် အိန္ဒိယနိုင်ငံမှ ဒယ်လ်တာ မျိုးဗီဇပြောင်းဗိုင်းရပ်စ်ပေါ်ပေါက်လာကာ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံများစွာတို့ကို ကပ်ရောဂါလှိုင်း ပြန်လည်ရိုက်ခတ်စေခဲ့သည့် သာဓကကိုလည်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြန်မြန်ဆန်ဆန် မျှမျှတတ လွှမ်းခြုံထိုးနှံနိုင်ရေးကို ဦးစားပေးရန် လိုအပ်သည့်အပြင် ကျင့်ဝတ်သဘောအရလည်း လူအားလုံး သာတူညီမျှ ကပ်ရောဂါမှ ကာကွယ်မှုရရှိရန် လိုအပ်သည်။ အသက်ကယ်အင်္ကျီရှိထားပြီးသူများကို နောက်ထပ် အသက်ကယ်အင်္ကျီများ ထပ်ပေးရန် စီစဉ်နေချိန်တွင် အသက်ကယ်အင်္ကျီတစ်ထည်မှ မရှိသေးသည့်အတွက် ရေနစ်မြုပ်သွားနိုင်သူများကို ဒီအတိုင်း ချန်ထားရစ်သကဲ့သို့ဖြစ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မျှတစွာ ထိုးနှံပေးနိုင်ရေးနှင့် ကာကွယ်ဆေးမထိုးရသေးသူများအတွက် အခွင့်အလမ်း (Vaccine Equity) ပေးရေးတို့ကို ထင်ဟပ်လျက်ရှိသည်။ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ယခုနှစ်ကုန်အထိ ဆိုင်းငံ့ထားကြရန်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းထားသည်။

မိမိတို့နိုင်ငံတွင် ယခုနှစ် ဒီဇင်ဘာလကုန်တွင် အသက် ၁၈ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်စေရေးအတွက် ရည်မှန်းချက် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံး၏ နေ့စဉ် ရောဂါပိုးကူးစက်မှု ရာခိုင်နှုန်းမှာ ၇ ရာခိုင်နှုန်းနှင့် ၈ ရာခိုင်နှုန်းဝန်းကျင်ခန့်ရှိနေပြီး အချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရောဂါပိုးကူးစက်မှုနှုန်းမှာ လျော့ကျမှု နှေးကွေးနေ၊ တန့်နေသည့် အခြေအနေတွင် ရှိနေဆဲဖြစ်သည်။ နိုင်ငံတကာစံနှုန်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်တို့အရ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရောဂါကူးစက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိစေရန်နှင့် လုံးဝကူးစက်မှု မရှိတော့သည့်အထိ ကျဆင်းသွားရေးတို့ကို ကြိုးပမ်းလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အထူးအရေးပါသည့်အလျောက် ဦးစားပေးအုပ်စုများ သတ်မှတ်ကာ အစီအစဉ်အလိုက် ထိုးနှံပေးလျက်ရှိသည်။ အောက်တိုဘာ ၁၂ ရက်နေ့အထိ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် လွှမ်းခြုံမှုရာခိုင်နှုန်းမှာ အသက် ၁၈ နှစ်နှင့်အထက် လူဦးရေ၏ ၁၂ ရာခိုင်နှုန်းခန့် ရှိသည့်အတွက် ကျန်သည့် နှစ်လကျော်ကာလအတွင်း ရာခိုင်နှုန်း ၅၀ ပြည့်မီအောင် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့လူသားတို့အကြားတွင် အချိန်ကြာမြင့်စွာ ဆက်ရှိနေဦးမည်ဟု သုတေသီများက ပြောကြားထားသည်။ ကပ်ရောဂါရှိနေသရွေ့ ကာကွယ်ဆေးထိုးနှံသွားရန် လိုအပ်နေဦးမည်ဖြစ်ရာ ရေရှည်တွင် ကာကွယ်ဆေး စဉ်ဆက်မပြတ်ရရှိရေး၊ မိမိတို့နိုင်ငံတွင် ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးတို့ကို နိုင်ငံတော်အစိုးရက ကြိုးပမ်းလျက်ရှိသည်။ လက်ရှိအခြေအနေတွင် နိုင်ငံ့လူဦးရေ၏ ရာခိုင်နှုန်းအများအပြားကို ကာကွယ်ဆေး လွှမ်းခြုံထားနိုင်ရန် အရေးကြီးသည့်အလျောက် ထပ်ဆောင်းထိုးနှံမှုများ မပြုကြရန် အခြေအနေအရရော ကျင့်ဝတ်အရပါ လိုအပ်သည်။ မိမိတို့က ထပ်ဆောင်းထိုးနှံမှု တောင်းဆိုနေချိန်တွင် ဆေးတစ်လုံးမှ မထိုးရသေးသူများ မြောက်မြားစွာ ကျန်ရှိနေသေးသည်ကို သတိပြုငဲ့ညှာကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

## မြန်မာ့အားမာန်

❂ မြန်မာဟူသည်၊ သူတစ်ပါး၏
ကူထားဖေးထောက်၊ လောင်းရိပ်အောက်၌
ဝမ်းမြောက်ပျော်ရွှင်၊ မခံမင်ဘဲ
ရှင်သန်လွတ်လပ်၊ နေထိုင်တတ်သည်
မြတ်သောစိတ်နေရှိတကား။

❂ မြန်မာဟူငြား၊ သူတစ်ပါးက
သနားကြင်နာ၊ ပေးကမ်းစာကို
စိတ်မှာတောင့်တ၊ မကြောင့်ကြဘဲ
ကိုယ်ကသာလျှင်
ပေးချင်ကမ်းချင်၊ လှူဒါန်းချင်သည့်
ဖြူစင်စိတ်ထားရှိတကား။

❂ မြန်မာဟူက၊ ကိုယ့်ဘဝကို
ကိုယ်ထကိုယ်ထူ၊ ကိုယ့်ဟန်မူဖြင့်
စံယူပြုပြင်၊ ဖန်တီးချင်၏
သူ့တွင်မမျှော်၊ သူ့ပေါ်မကျို့
သူသို့မချဉ်း ၊ မှီခိုကင်းလျက်
ပြည်တွင်းအားသာ၊ ကိုးစားရာဟု
ခိုင်မာစိတ်ထားရှိတကား။

❂ သြော်..မြန်မာမြန်မာ၊ တို့မြန်မာကား
ကမ္ဘာကမ္ဘေ၊ ရှေးပဝေက
ကောင်းမွေဆက်ခံ၊ ကောင်းစိတ်လျှံခဲ့
နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့်
ပြည့်သိပ်ခိုင်မြဲ၊ ခရီးခဲကို
လက်တွဲနောင်ညီ၊ ကျော်ဖြတ်မည်တည့်
ပြည့်ဝန်တိုင်းကျိုး၊ ထမ်းသယ်ပိုးရင်း
အမျိုးသားရေး၊ နိုးကြားသွေးဖြင့်
ရှေ့ရေးဖြောင့်တန်း၊ ညီစွာလှမ်းလျက်
အောင်ပန်းထာဝရ၊ ဆွတ်ချူကြမည်
မြန်မာ့အားမာန်အပြည့်တကား။ ။

မြင်းမူမောင်နိုင်မိုး

## ဘူးသီးတောင်မြို့နယ် တိုက်ပွဲရှောင်ပြည်သူ ၄၇၀ တို့အား တစ်လစာ ဆန်ရိက္ခာများထောက်ပံ့ပေးအပ်

ဘူးသီးတောင် အောက်တိုဘာ ၁၄

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဂန္ဓာရီပရဟိတဘုန်းတော်ကြီးကျောင်းဝင်းရှိ တိုက်ပွဲရှောင်ပြည်သူ ၄၇၀ တို့အား တစ်လစာ ဆန်ရိက္ခာများ ထောက်ပံ့ပေးခြင်းကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်း၌ ပြုလုပ်သည်။

အဆိုပါ ဆန်ရိက္ခာထောက်ပံ့ရာတွင် ဂန္ဓာရီပရဟိတဘုန်းတော်ကြီးကျောင်းဝင်းရှိ တိုက်ပွဲရှောင်အိမ်ထောင်စု ၈၇ စု၊ လူဦးရေ ၄၇၀ တို့အား တစ်ဦးလျှင် တစ်ရက် နှစ်ဘူးနှုန်းဖြင့် တစ်လစာ ဆန်ရိက္ခာ ၁၄၆ အိတ် ၂၁ ပြည်တို့ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးငြိမ်းထွန်းနှင့် တာဝန်ရှိသူများကပေးအပ်ရာ တိုက်ပွဲရှောင်စခန်းတာဝန်ခံများက လက်ခံရယူကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ်အတွင်း ယနေ့အချိန်ထိ တိုက်ပွဲရှောင်စခန်း စုရပ် ၁၉ ခုရှိပြီး အိမ်ထောင်စု ၁၅၇၇ စု လူဦးရေစုစုပေါင်း ၇၀၃၀ ရှိကြောင်း သိရသည်။ လှကျော် (ပြန်/ဆက်)



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် အောက်တိုဘာ ၁၄

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ကွမ်းခြံကုန်းမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ညောင်တုန်းမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၁ ဒသမ ၆၂ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် အုတ်ဖိုမြို့တို့တွင် ၁ ဒသမ ၀၃ လက်မစီတို့ဖြစ်ကြသည်။ မိုး/ဇလ

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၄-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antiviral | | | | |
| 1 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 2 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 3 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 4 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 5 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 6 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 7 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 8 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 9 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 10 | P.O – Pantocid | 10X10's / Box | 7000 | PL |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc-pmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ယုံယုံကြည်ကြည်နှင့် ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းခြင်းဖြင့် နိုင်ငံတော်အစိုးရမှ လက်ရှိဦးတည်သွားနေသည့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများအား သတ်မှတ်ချိန်အတွင်း ကျင်းပနိုင်ပြီး ပြည်သူမှရွေးချယ်ပေးသည့် ဒီမိုကရေစီ အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာရေးအား အားပေးကူညီရာရောက်မည်"

❍ *ရွှေဖုံးမှ*

" မပြောဘဲနေတာ ကြာလာတဲ့အခါ မစဉ်းစားဖြစ်ဖို့လည်း ပိုပြီး လွယ်လာတယ် " ဆိုတဲ့ စကားရပ်အတိုင်း အမိနိုင်ငံအတွက် အဓိက လိုအပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ရပ်တန့်နေ၍ မဖြစ်နိုင်ပါ။ ပြောနေ၊ ဆိုနေ၊ ညှိနှိုင်းနေမှ မည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စဉ်းစားချက်၊ တွေးခေါ်ချက်များ သက်ဆိုင်ရာ အဖွဲ့အစည်းများ၌ အစဉ်အမြဲကိန်းအောင်းနေမည် ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မိမိတို့နိုင်ငံ၏ (၇၅) နှစ်ပြည့် စိန်ရတု ပြည်ထောင်စုနေ့ဖြစ်ပါသည်။ ထို့အတူ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည် မိမိတို့နိုင်ငံ၏ စိန်ရတုလွတ်လပ်ရေးနေ့ ဖြစ်သည်။ တိုင်းပြည်တစ်ပြည်အတွက် အရေးကြီးသည့် သမိုင်းဖြစ်စဉ်ဖြစ်ရပ်၊ နေ့ရက်ကြီး ၂ ခုမှာ စိန်ရတုတိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေသက်တမ်းစံနှုန်းဖြင့် တွက်ချက်ပါက လူတစ်ယောက်၏ သက်တမ်းတစ်ခုစာ ရှိပြီဖြစ်သည်။ **" အတိတ်ကို မသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်းပျောက်နိုင်သည်"** ဆိုသည့် စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတု ပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့ မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည် ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ရေးအတွက် လုပ်ဆောင်မည့် လုပ်ငန်းရပ်များ ချမှတ်ခြင်း၊ တိုင်းရင်းသားများ ပါဝင်သည့် ဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လက်တွေ့ လုပ်ငန်းရပ်များဆောင်ရွက်ခြင်းဆိုသည့် အဆင့် ၃ ဆင့်အား နိုင်ငံတော်အစိုးရသည် အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းကိစ္စများတွင် တိုင်းရင်းသားပြည်သူလူထုနှင့် ပါဝင်ပတ်သက်ရမည့် အစုအဖွဲ့များအားလုံးထံမှ အကြံပြုချက်များရယူခြင်း၊ အသိပေးခြင်းနှင့် ပညာပေးခြင်းများအား ဆောင်ရွက်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်သည် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်တန့်ပေးထားမည့် ထုတ်ပြန်ချက်များအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစတင်ကာ ၃၀-၉-၂၀၂၁ ရက်နေ့အထိ ၂၀ ကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အား ကြိုဆိုသည့်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လုပ်ငန်းများအား ပိုမိုတိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့်ရပ်စဲကြောင်း ကြေညာထားပြီးဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရာတွင်-

(၁) သက်ဆိုင်ရာ တိုင်းရင်းသားများ၊ သက်ဆိုင်သူများ ကိုယ်တိုင်ပါဝင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဆောင်နိုင်ရေးနဲ့ မြှင့်တင်ရေး ဆောင်ရွက်ခြင်း။

(၂) အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်၊ တပ်မတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးမှုကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်များ တိုက်ရိုက်ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မြှင့်တင်ရေး အဖွဲ့များနှင့် ဆွေးနွေးခြင်း။

(၃) NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း၊ NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်လျက် ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းလာစေရေး၊ နှစ်ဖက်သဘောတူညီချက်များ ရရှိရေး စတဲ့ လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက် ရှိပါသည်။

အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လက်ရှိအစိုးရအား ရွေးကောက်ခံအစိုးရမဟုတ်သည့်အတွက် တွေ့ဆုံဆွေးနွေးရန်မလိုဟူသည့် အယူအဆများ၊ ငြိမ်းချမ်းရေးအား အပြည့်အဝဖော်ဆောင်ပေးနိုင်မည်မဟုတ်ဆိုသည့် အယူအဆများအပေါ်၌ စိတ်ကူးယဉ်မဆန်ဘဲ လက်တွေ့ကျကျသုံးသပ်ရန် လိုပါသည်။ ၁၉၈၈ ခုနှစ် နောက်မှစ၍ တပ်မတော်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များ အောင်မြင်မှု၊ ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းမှု၊ တိုင်းရင်းသားနယ်မြေများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုများသည် ပြယုဂ်ပင်ဖြစ်ပါသည်။ အဆိုပါအဖွဲ့များ အနက် အများစုမှာ NCA လက်မှတ် ရေးထိုးနိုင်ခဲ့သည်မှာ လက်တွေ့ပင်ဖြစ်သည်။ အစိုးရများ မည်မျှပင်ပြောင်းပြောင်း မိမိတို့နိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံပင်ဖြစ်သည်။ အစိုးရနှင့်နိုင်ငံတော်ကို ယုတ္တိကျကျ ခွဲခြားမြင်နိုင်ဖို့လိုပါသည်။ အစိုးရဆိုသည်ထက် မိမိတို့အားလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံအပေါ် သစ္စာရှိရန်၊ နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် ရိုးသားစစ်မှန်သည့် စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ရန်သည် အဓိကဖြစ်သည်။ အားလုံးက We are Myanmar ဆိုသည့် စိတ်ဓာတ်အပေါ် အရင်းခံစေလိုပါသည်။ ထို့ကြောင့် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် NCA စာချုပ်ပိုမိုခိုင်မာစေရေး၊ NCA စာချုပ်၌ လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လက်ရှိအခြေအနေထက်ပိုမိုသည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအဆင့် တစ်ဆင့်သို့ တက်လှမ်းနိုင်ရေး၊ ထို့နောက် NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ထပ်မံ၍ လေးနက်စွာဖိတ်ခေါ်ပါသည်။ အားလုံးက စိန်ရတုပြည်ထောင်စုနေ့ သန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်ပေးကြစေလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် **"နိုင်ငံတော် တည်ဆောက်ရာမှာ အချက် ၂ ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိပြီး ပထမအချက်အနေနဲ့ ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ဒုတိယအချက်အနေနဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေးကို ဦးစားပေးဆောင်ရွက်လျက် ရှိကြောင်း "** ပြောကြားခဲ့ပြီးဖြစ်သည်။ ၎င်းသည် မိမိတို့အစိုးရမှ ဆက်လက်ဆောင်ရွက်သွားမည့် ဦးစားပေးနိုင်ငံရေးမူဝါဒပင် ဖြစ်ပါသည်။ ယင်းအချက် ၂ ချက်သည် အပြန်အလှန် ဆက်စပ်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။

မိမိတို့ပြည်ထောင်စုသမ္မတနိုင်ငံတော်သည် ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းပြီးနောက် ပထမအစိုးရကာလ၌ ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင် တည်ဆောက်ရေးအတွက် အရေးပါသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စတင်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေး ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့သည်။ လက်ရှိအချိန်ထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိပြီးဖြစ်သည်။ အဆိုပါအဖွဲ့များနှင့် ငြိမ်းချမ်းရေး အကျိုးဆောင်များ၏ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှု၊ စိတ်ဓာတ်နှင့် လုပ်ဆောင်ချက်များအား ထပ်လောင်းအသိအမှတ်ပြုအပ်ပါသည်။

ယနေ့ကာလသည် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် NLD ပါတီ၏ မဲမသမာမှုများအပေါ် တပ်မတော်နှင့် နိုင်ငံရေးပါတီများမှ ညှိနှိုင်းဆွေးနွေးအဖြေရှာရန်အတွက် နည်းလမ်းပေါင်းစုံဖြင့်ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့သဖြင့် တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အရ နိုင်ငံတော်တာဝန်အား ထိန်းသိမ်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဦးဆောင်နေသည့်ကာလ ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အားတာဝန်ယူပြီးသည့် အချိန်မှစ၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက်(၉) ရပ်အား ချမှတ်ဆောင်ရွက်လျက်ရှိရာ ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း အလေးထားလုပ်ဆောင်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းပေးပြီး ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းခဲ့သည်။ လက်ရှိကာလတွင် ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများတို့ကို စုစုပေါင်း ၂၁ ကြိမ်တွေ့ဆုံညှိနှိုင်း ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရပ်တန့်မှုမရှိအောင် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံ၏ အကျိုးစီးပွားအား မလိုလားသည့်၊

*စာမျက်နှာ ၄ သို့*

- **နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံ၏ အကျိုးစီးပွားအား မလိုလားသည့်၊ နိုင်ငံအား ဖျက်လိုဖျက်ဆီးလုပ်လိုသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ မီဒီယာများနှင့် အာဏာကို အကြမ်းဖက်နည်းဖြင့် ရယူလိုသည့် NLD ပါတီ အစွန်းရောက်များ၊ NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်၏ ဒေသအချို့တွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအား ထိခိုက်စေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အတိုင်းအတာတစ်ခုအထိ အဟန့်အတားဖြစ်ပေါ်စေလျက်ရှိ**
- **နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမထိခိုက်စေရန် သဘောထားကြီးစွာဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားစေရန် အထူးသတိပြုကြစေလို**

# "မိမိတို့အစိုးရသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်လှစ်ထားရှိကြောင်း အတိအလင်းကြေညာထားပြီးဖြစ်"

*စာမျက်နှာ ၃ မှ*

နိုင်ငံအား ဖျက်လိုဖျက်ဆီးလုပ်လိုသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ မီဒီယာများနှင့် အာဏာကို အကြမ်းဖက်နည်းဖြင့် ရယူလိုသည့် NLD ပါတီအစွန်းရောက်များ၊ NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်၏ ဒေသအချို့တွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအား ထိခိုက်စေပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် အတိုင်းအတာတစ်ခုအထိ အဟန့်အတားဖြစ်ပေါ်စေလျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမထိခိုက်စေရန် သဘောထားကြီးစွာဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားစေရန် အထူးသတိပြုကြစေလိုပါသည်။

မိမိတို့အစိုးရသည် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်အား အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအတွက် မိမိတို့အစိုးရမှ ခိုင်ခိုင်မာမာအာမခံပြီးဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် NCA ငြိမ်းချမ်းရေး လမ်းကြောင်းပေါ်တွင် ယုံယုံကြည်ကြည်နှင့် ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းခြင်းဖြင့် နိုင်ငံတော်အစိုးရမှ လက်ရှိဦးတည်သွားနေသည့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများအား သတ်မှတ်ချိန်အတွင်း ကျင်းပနိုင်ပြီး ပြည်သူမှရွေးချယ်ပေးသည့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာရေးအား အားပေးကူညီရာရောက်မည်ဖြစ်သည်။

လက်ရှိအခြေအနေသည် တစ်ကမ္ဘာလုံး ကိုဗစ် - ၁၉ ကပ်ရောဂါအား ၂၀၁၉ ခုနှစ် နှောင်းပိုင်းမှစတင်၍ ယခုအထိ ခံစားနေရသည့် ကာလဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် **"ပြည်သူလူထု၏ အသက်ထက်အရေးကြီးတာ ဘာမျှမရှိ"** ဟူသော မူဝါဒနှင့် **"ပြည်ထောင်စုအတွင်းနေထိုင်ကြသော နိုင်ငံသားများ သာမက လူမျိုးဘာသာမရွေး လူသားအားလုံးကို ကျန်းမာရေး စောင့်ရှောက်မှု တန်းတူညီတူ အခွင့်အရေးရရှိစေရမည်"** ဟူသည့် မူဝါဒများချမှတ်ပြီး တစ်နိုင်ငံလုံးရှိ ပြည်သူလူထု တစ်ရပ်လုံးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို ရှိသမျှ ခွန်အား၊ စွမ်းအားများဖြင့် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသာမက NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တည်ရှိရာဒေသများရှိ ပြည်သူများ၊ တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအတွက်ပါမကျန် ကိုဗစ်ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် ရောဂါဖြစ်ပွားမှု ရာခိုင်နှုန်းနှင့် သေဆုံးမှုနှုန်းတို့မှာ သိသိသာသာ ကျဆင်းလာလျက်ရှိပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါသည်။

မိမိတို့အစိုးရသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်လှစ်ထားရှိကြောင်း အတိအလင်းကြေညာထားပြီးဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရတာဝန်အား ရယူထားချိန်ဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေး ဆွေးနွေးမှုများအား အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုသည့်အဆင့်မှအပ ကျန်သည့်အစိတ်အပိုင်းများ ဆောင်ရွက်နိုင်ပါသည်။ လက်ရှိနိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ရွေးကောက်ခံ အစိုးရ၊ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမရှိသည့်အတွက်ကြောင့် ဆောင်ရွက်၍မရနိုင်ဟု ထင်မြင်ယူဆဖွယ်ဖြစ်သော်လည်း ရွေးကောက်ပွဲ ထပ်မံကျင်းပပြီးစီးချိန်တွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကသာ ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ ဖြစ်လာမှာဖြစ်သည့်အတွက် ယခုကာလ၌ မိမိတို့အနေဖြင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား သက်ဆိုင်သူများနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေခြင်းအားဖြင့် ပိုမိုခရီးရောက်စေမည်ဖြစ်သည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် **"ပညာပြည့်ဝ၊ နှလုံးလှသော"** နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် သဝဏ်လွှာပေးပို့ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**ဥက္ကဋ္ဌ**
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီ**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့်အဖွဲ့ Russian Energy Week International Forum (REW 2021) သို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၄**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသော Russian Energy Week International Forum (REW 2021) သို့ တက်ရောက်ရန် မော်စကိုမြို့၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ROSGEO (Russian State Geological Holding) ကုမ္ပဏီမှ CEO (Chairman of the Management Board) Mr. Sergey N. GORKOV ခေါင်းဆောင်သောအဖွဲ့နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ စူးစမ်းရှာဖွေရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် Russian Energy Week International Forum (REW 2021) တွင် ပြသထားသော ပြခန်းများကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် Manege Central Exhibition Hall ခန်းမ၌ ကျင်းပသော Plenary Session သို့ တက်ရောက်သည်။ အဆိုပါအစီအစဉ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် RUSHVDRO မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Sergey MACHEKHIN နှင့် ရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံများ တည်ဆောက်အကောင်အထည်ဖော်နိုင်မှုနှင့် ထပ်မံဆောင်ရွက်နိုင်မည့် ရှေ့အလားအလာများကို တွေ့ဆုံဆွေးနွေးကြကာ REW 2021 ဖွင့်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် Russian Direct Investment Fund ၏ CEO တို့ Virtual စနစ်ဖြင့်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်းသည် Russian Direct Investment Fund၏ CEO ဖြစ်သူ Mr. Kirill Dmitriev နှင့် အောက်တိုဘာ ၁၂ ရက် ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမမှ Virtual စနစ်ဖြင့် ဆွေးနွေးသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် Sputnik V and Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရာ၌ လက်ရှိတွင် အောင်မြင်လျက်ရှိသည့် ထင်ရှားသော ဖြစ်ပေါ်တိုးတက်မှုများနှင့် ယင်းကာကွယ်ဆေးများ၏ အနာဂတ်အလားအလာများကို မျှဝေခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ်(ကုသရေး ဦးစီးဌာန) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ကိုဗစ်နှင့် ပတ်သက်၍ သွားလာမှုစည်းကမ်းများကိုလည်း တစ်ဦးချင်းလိုက်နာကြရန်လို

လက်ရှိအချိန်တွင် အချို့မြို့နယ်များအား Stay at Home သတ်မှတ်ထားမှုများအား ဖြေလျှော့ပေးပြီး အချို့လိုအပ်သည့် မြို့နယ်များအား သတ်မှတ်မှုများတိုးမြှင့်ဆောင်ရွက်မှုရှိကြောင်း၊ ကူးစက်မှုများအားသိရှိစေရေးအတွက် စစ်ဆေးမှုများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ထားသည့် SOP များကိုလိုက်နာ၍ နေထိုင်သွားလာ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ကူးစက်မှုရာခိုင်နှုန်း ၅ ရာခိုင်နှုန်းအောက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စတုတ္ထလှိုင်း ဖြစ်ပွားလာနိုင်မှုအပေါ်လည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုဗစ်နှင့် ပတ်သက်၍ လိုက်နာရမည့် သွားလာမှုစည်းကမ်းများကိုလည်း တစ်ဦးချင်းလိုက်နာကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ကာကွယ်ဆေးထိုးနှံခြင်းကို ကျေးရွာများအထိရောက်ရှိစေရေး အထူးအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည်

နေပြည်တော် အောက်တိုဘာ ၁၄

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ရှိတွင် တစ်နိုင်ငံလုံးအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများမှာ တည်ငြိမ်စပြုနေပြီဖြစ်ပြီး ပိုးတွေ့ရှိသူအရေအတွက်မှာလည်း ကျဆင်းလာပြီဖြစ်ပါကြောင်း၊ သို့ရာတွင် အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် ပိုးတွေ့ရှိမှုနှုန်းနှင့် ပိုးတွေ့ရှိသူအရေအတွက် များပြားလျက်ရှိနေသည့်အတွက် တစ်နိုင်ငံလုံးတွင် ပိုးတွေ့ရှိမှုနှုန်းအနေဖြင့် (၇ ဒသမ ၈) ရာခိုင်နှုန်းမှ (၇ ဒသမ ၉) ရာခိုင်နှုန်းခန့်တွင် တန်းလျက်ရှိနေပါကြောင်း။

မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ပိုးတွေ့လူနာနှင့် ပိုးတွေ့ရှိမှုနှုန်း များပြားလျက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရောဂါဖြစ်ပွားမှုအခြေအနေများကို ဒေသအလိုက် ဆန်းစစ်သုံးသပ်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဗဟိုမှပံ့ပိုးပေးနိုင်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ပါကြောင်း။

### ကာကွယ်ဆေးများ ထိုးနှံ

ရောဂါထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်လျက်ရှိသည့် နယ်စပ်ဝင်ပေါက်များရှိရာ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် အထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေး အမြန်ဆုံးပြန်လည်စတင်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နယ်စပ်ဒေသများတွင် ကာကွယ်ဆေး တစ်သန်း doses ခန့်ကိုလည်း စတင်ထိုးနှံလျက်ရှိပါကြောင်း၊ အလားတူ အခြားနယ်စပ်ဒေသများတွင် ကာကွယ်ဆေးလွှမ်းခြုံမှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်အနေဖြင့်လည်း ကာကွယ်ဆေးများ ထိုးနှံပေးလျက် ရှိပါကြောင်း။

### အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်

ရောဂါ ဖြစ်ပွားမှုများပြားလျက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကာကွယ်ဆေးထိုးနှံခြင်းကို ကျေးရွာများအထိ ရောက်ရှိစေရေး အထူးအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်ငန်းစဉ်အလိုက် ပြန်လည်သုံးသပ်၍ လိုအပ်သလိုအားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရောဂါပိုးတွေ့ရှိမှုများနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေ၍ သီးသန့်ခွဲခြားနေထိုင်ရေး ဆောင်ရွက်သည့် လုပ်ငန်းများ၊ ဓာတ်ခွဲစစ်ဆေးသည့် လုပ်ငန်းများစသည့် လုပ်ငန်းများ၏အားနည်း ချက်များကို ရှာဖွေဖြည့်ဆည်း၍ အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသဝင်ထွက်ဂိတ်များတွင် ရောဂါပိုးအတည်ပြုလူနာ တွေ့ရှိမှုများမှ ဓာတ်ခွဲနမူနာများ ရယူ၍ ဆေးသုတေသနဦးစီးဌာနသို့ ပေးပို့ပြီး ရောဂါပိုး၏ မျိုးရိုးဗီဇပြောင်းလဲသော ရောဂါပိုးများ ဝင်ရောက်လာမှုအခြေအနေကို စစ်ဆေးရမည်ဖြစ်ပါကြောင်း။

မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်/ ကျေးရွာအလိုက် ပိုးတွေ့ရှိသူနှင့် ပိုးတွေ့ရှိနှုန်းများပြားရာ ဒေသများတွင် ကူးစက်မှုရင်းမြစ်နှင့် ကူးစက်ရသောအကြောင်းအရင်းများကို ရှာဖွေကာ ၎င်းကို ဦးတည်၍ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အထူးအားဖြည့်ဆောင်ရွက်ရာတွင် နီးနွှယ်ဌာနဆိုင်ရာများနှင့်လည်း လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မိမိတို့၏ ကျန်းမာရေးဝန်ထမ်းများအား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါ ထိန်းချုပ်ခြင်း၊ ထိတွေ့လူနာများအား ရှာဖွေဖော်ထုတ်ခြင်းနှင့် အသွားအလာ ကန့်သတ်ခြင်းလုပ်ငန်းများစသည့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ နိယာမနှင့် လုပ်ထုံးလုပ်နည်းများကို သေချာစွာ ရှင်းလင်းအသိပေးထားရမည်ဖြစ်ပြီး ၎င်းတို့အတိုင်း တိကျစွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

### ပုံမှန်အတိုင်း ပြန်လည်လည်ပတ်

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု ပိုမိုလျော့ကျလာမှသာ နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်သည့် မြို့နယ်များအား ဖြေလျှော့ပေးခြင်း၊ ကုန်စည်ကူးသန်းရေး လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ လူမှုရေး၊ ပညာရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

မိမိတို့ဒေသအလိုက် အဆင့်ဆင့်လုပ်ငန်းလိုအပ်ချက်များနှင့် တင်ပြချက်များကိုသိရှိပြီး မိမိတို့အနေဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိပါက ဗဟိုသို့ ဆက်လက်တင်ပြရမည်ဖြစ်ပြီး ဗဟိုမှလည်း အထူးအလေးထား၍ သက်ဆိုင်ရာ နီးနွှယ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ် (ဝန်ကြီးရုံး) ဦးစိန်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်း ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

ကာကွယ်ဆေး doses (၈) သန်းကျော်ကိုလည်း လက်ခံရရှိပြီးဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၁၃ ရက်အထိ လူဦးရေစုစုပေါင်း ၁၀၇၅၁၇၆၀ကို ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၄၂၆၆၄၈၄ ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၆၄၈၅၂၇၄ ဦး ရှိပြီဖြစ်သည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၃ ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၁၅၀၁၈၂၄၆ ကြိမ် ထိုးနှံပြီးဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက်ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက်အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှု ရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ထားသည်။

**သတင်းစဉ်**

# မိဘဝတ္တရား

ဆရာမဲဇာ

**ထုံးစံအရ သီတင်းကျွတ်ကာလမှာ မိဘတွေအတွက် အလုပ်များသည့်ကာလပင် ဖြစ်ပါသည်။ မိဘဝတ္တရားအရ ချီးမြှင့်ရမည့် အရွယ်ရောက်သားသမီးများအတွက် အိမ်ရာထူထောင်ပေးရမည့် တာဝန်မှာ မသေးလှသောတာဝန်ပင်။ သို့ရာတွင် ထိုတာဝန်ကို ကျေချင်လျက် မကျေနိုင်အောင် ကိုဗစ်-၁၉ ကပ်ဆိုးက ဟန့်တားနေသည်မှာ နှစ်သီတင်းပင် ကျွတ်တော့မည်။**

### မိဘဝတ္တရားများ

သို့သော် ဝတ်ကျေတန်းကျေ လက်ထပ်ပေးရုံနှင့် မရ။ မိဘတို့မှာ "ပေးဝေနီးရင်း၊ ထိမ်းမြားခြင်း" ဆိုသည့် ရှေ့ပြေးဝတ္တရားတစ်ခုက ရှိနေပါသည်။ နှစ်ဖက်မိဘများက တင့်တင့်တယ်တယ် မင်္ဂလာဆောင်ဖြစ်စေရန် တာဝန်ယူကြရ၏။ သားသမီးများ၏ မင်္ဂလာဦးအတွက် အရင်းအနှီးပြုရခြင်း ဖြစ်တော့၏။ ထိုမျှမက အိမ်ထောင်တစ်ခုကို လူလူသူသူ ထူထောင်နိုင်ရန်အတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကအစ အရင်းအနှီးပြုပေးရသည့်တာဝန်ကို မြန်မာမိဘများက ထမ်းဆောင်ရသည့် ဝတ္တရားလည်း ဖြစ်ပါ၏။

အချို့သော တောင်ပေါ်တိုင်းရင်းသားများကမူ ဆယ်ကျော်သက်အရွယ်ကတည်းကပင် သမီးများကို အိမ်ထောင်ချပေးသည်ကို တွေ့ရ၏။ မေးကြည့်သောအခါတွင် "မိဘတွေက သင့်တော်ရာကို ရွေးချယ်ထိမ်းမြားပေးခြင်း ပြုရပါသည်။ မိဘတို့က အိမ်ထောင်မချပေးလျှင် သူတို့ဘာသာသူတို့ အိမ်ထောင်ကျကုန်မှာစိုး၍ ဖြစ်သည်"ဟု ဖြေကြ၏။ မှန်ပါ၏။ ဆယ်ကျော်သက်ကလေးများကြားတွင် အိမ်ထောင်ပြုချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာအောင် ဆွဲဆောင်နေသော အရာများ၊ တွန်းပို့နေသော အရာများမှာ လူကြီးများ လက်လှမ်းမမီအောင် ပြည့်နှက်၍နေ၏။ ထိုဆွဲအား တွန်းအားများကို ကြံ့ကြံ့ခံနိုင်မည့် "ယဉ်ကျေးမှု ကိုယ်ခံအား"သည် ကမ္ဘာပြုမှုကြီး၏ အလယ်တွင် ပွန်းပဲ့တိုက်စား၍ သွားပေပြီ။

### ကျန်းမာရေးကိုယ်ခံအား

သို့ဖြစ်၍ မိဘတို့၏ "ပေးဝေနီးရင်း" ရမည့် ဝတ္တရားထဲတွင် "ယဉ်ကျေးမှုကိုယ်ခံအား" တိုးမြှင့်ပေးရန် မနိုင်ဝန်ကို ထမ်းကြရပေ၏။ ဤတာဝန်ကို "ကိုဗစ်-၁၉ ကပ်ကာလကြီး" ထဲတွင် ထမ်းရခက်သည် မှန်သော်လည်း မိဘတို့ လွယ်လွယ်ကူကူနှင့် မြှင့်တင်ပေးနိုင်သော "ကျန်းမာရေးကိုယ်ခံအား" ထဲတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ဆေး ရှိနေပြီဖြစ်ကြောင်း၊ အသက် ၁၂ နှစ် အရွယ်ကပင် စတင်၍ ကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ကြောင်း သတင်းကောင်းနှင့်အတူ အခမဲ့စနစ်တကျ ဝန်ဆောင်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများ၊ ကြီးကြပ်ဆောင်ရွက်ပေးနေသော ပညာရေးဝန်ထမ်းများနှင့် လွယ်ကူလျင်မြန်စွာ ကာကွယ်ဆေးထိုးပေးဖို့ စီမံခန့်ခွဲပေးနေသော တာဝန်ရှိသူ အသီးသီးက တစ်နိုင်ငံလုံးမှာ စောင့်ကြိုနေပြီဖြစ်ကြောင်း တွေ့နေသိနေရပါပြီ။



ဥတ္တရသီရိမြို့နယ်တွင် ကျောင်းသားတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

မိမိတို့၏ ဆယ်ကျော်သက်အရွယ် သား၊ သမီးများကို ကာကွယ်ဆေးထိုးပေးလိုက်ခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်လာနိုင်သည့် အန္တရာယ်ကို တားဆီးကာကွယ် ပေးခွင့်ရပါပြီ။ မိဘတို့ကသာ သဘောတူကြည်ဖြူပြီး ကာကွယ်ဆေးထိုးခွင့်ပြုလိုက်လျှင် သားသမီးတို့အနာဂတ်အတွက် အရင်းအနှီးကြီးကြီးတစ်ခုမြှုပ်နှံပေးလိုက်ခြင်းပင် ဖြစ်ပါ၏။

### ကာကွယ်ဆေးများ ပေါ်ပေါက်

မနှစ်က ကိုဗစ်ကပ်ကို နဖူးတွေ့ ဒူးတွေ့ ကျွန်တော်တို့ တွေ့ခဲ့ကြ၏။ နှာခေါင်းစည်းတပ်ရုံမှတစ်ပါး အခြားအကာအကွယ်မရှိ။ လက်ဆေးဖို့နှင့် အိမ်ထဲမှာအောင်းနေကြဖို့၊ လူစုလူဝေး မလုပ်ဖို့သာ တွန်းတွန်းတိုက်တိုက် လုပ်ခဲ့ကြပါ၏။ ယခုမူ သိပ္ပံပညာ၏ စွမ်းပကားကြောင့် "ကိုဗစ်-၁၉" ရောဂါ ကာကွယ်ဆေးများ ပေါ်ပေါက်ကာ သားသမီးတို့၏ ကျောင်းထဲအထိ ရောက်လာပေပြီ။

တစ်ဖက်မှလည်း ကိုဗစ်-၁၉ ကာကွယ်ဆေး ကျောင်းထဲရောက်မလာမီ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးက ကျောင်းထဲအိမ်ထဲ ရောက်မလာဟု မည်သူမျှ မပြောနိုင်။ မြန်မာပြည်တွင် ၁၂-၁၀-၂၀၂၁ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါဖြစ်သူပေါင်း ၄၈၁၂၃၀ ရှိပြီး သေသူပေါင်းမှာ ၁၈၁၈၈ ဦး ရှိသွားပါပြီ။ တစ်ကမ္ဘာလုံးတွင်မူ လူပေါင်း ၂၃၈ သန်းကျော်ရောဂါရပြီး ငါးသန်းခန့် သေကျေခဲ့ရပြီး ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်ဆန်းက ကိုဗစ်-၁၉ ရောဂါ ကပ်ဆိုးကြီးအသွင် စတင်ဖြစ်လာချိန်တွင် သက်ကြီးရွယ်အိုများ၊ ရောဂါအခံရှိသူများမှာသာ ကူးစက်ခံရ၍ သေကြောင်းသတင်းများ ထွက်ခဲ့၏။ လူငယ်များမှာ ရောဂါကူးစက်၍ မလွယ်ကြောင်း၊ ကူးစက်ခံရလျှင်လည်း သေကောင်ပေါင်းလဲ မဖြစ်နိုင်ကြောင်း သတင်းပျံ့ခဲ့၏။ မြန်မာပြည်၏ အတွေ့အကြုံအရ ကလေးငယ်တွေမှာပါ ဖြစ်ပွားပြီး သေဆုံးမှုရှိခဲ့ကြောင်း သိပြီးဖြစ်ပါသည်။ ထို့ပြင် လူများစုကြီးမှာ ရောဂါရသည့်တိုင် ရောဂါလက္ခဏာ မပြသူများ၊ နှာခေါင်းအနံ့ ပျောက်သူများသာရှိကြောင်း သိရှိထားပြီး ဖြစ်ပါသည်။

### ဗီဇပြောင်းဒယ်လ်တာပိုး

ဖျားနာသူကို ရှာဖွေနေသော စက်ကိရိယာများအောက်တွင်ပင် ထိုသူများ လွတ်မြောက်သွား၏။ အရှိန်မပျက် သွားလာလှုပ်ရှားလုပ်ကိုင်ရင်း ကိုဗစ်-၁၉ ရောဂါပိုးကို ဖြန့်ခဲ့ကြ၏။ ထိုစဉ်က ရောဂါပိုးများသည် အပျော့စားဖြစ်၍ သွေးတိုး၊ ဆီးချို၊ အဝလွန်၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ အခံရှိသူများနှင့် လူကြီးများအချို့သာ သေခဲ့ကြ၏။

ရုတ်တရက် ကိုဗစ်-၁၉ သည် အမျိုးပြောင်းသွား၏။ ဗီဇပြောင်းဒယ်လ်တာပိုးမျိုးသည် လျင်မြန်စွာ ကူးစက်ပြီး ရောဂါပြင်းထန်စွာ ခံစားသေကျေစေ၏။ မြန်မာလူကြီး လူငယ်မရွေး အငိုက်မိကာ အရှုံးထိသွားခဲ့ရ၏။ တန်ဖိုးရှိသော လူကြီးလူငယ်များစွာ ကွယ်လွန်ခဲ့ကြရလေသည်။

### အိမ်နီးချင်းနိုင်ငံများ

ကိုဗစ်-၁၉ ရောဂါကို နိုင်နင်းစွာ ထိန်းချုပ်နိုင်သည်ဟု နာမည်ကောင်းရနေသော ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် မြန်မာနိုင်ငံကို လျင်မြန်စွာ ကျော်တက်၍ သွားတော့၏။ သို့သော် သတိထားရန် အချက်များရှိနေ၏။

"ထိုင်းနိုင်ငံတွင် ကိုဗစ်ကာကွယ်ဆေးလုံးရေ ၆၁ သန်း ထိုးပေးပြီး ၎င်းတို့လူဦးရေ၏ သုံးပုံတစ်ပုံမှာ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးဖြစ်လျက် တစ်ကြိမ်ဆေးထိုးထားသူပေါင်းမှာ ၅၀ ရာခိုင်နှုန်းကျော်ရှိသည်" ဆိုသောအချက်ကို သတိပြုရန် လိုပါသည်။

မြန်မာနိုင်ငံတွင် လူဦးရေ၏ ၁၀ ဒသမ ၄၉ ရာခိုင်နှုန်းခန့်ကို အကြိမ်ပြည့်ထိုးနှံပေးပြီး ယခုနှစ်ကုန်တွင် လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးနှံပြီးဖြစ်ဖို့ ရည်မှန်းထားပါသည်။ ဦးတည်အုပ်စု ၂၄ စု သတ်မှတ်ပြီး ကာကွယ်ဆေးထိုးပေးလျက်ရှိရာတွင် " အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားလူငယ်များ" မှာလည်း ဦးတည်အုပ်စု တစ်စုအဖြစ်သတ်မှတ်ကာ စတင်ထိုးပေးလျက်ရှိနေပါပြီ။

မိဘများအနေဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံတည်းကချွန်ပြီး ကျောင်းသား လူငယ်လေးတွေကို ကာကွယ်ဆေး ထိုးပေးသလားဟု သံသယမပွားစေရန်အတွက် မည်သည့်နိုင်ငံများတွင် ဤသို့ဆောင်ရွက်နေကြောင်း နမူနာကိုလည်း ကြေညာထားပြီဖြစ်ပါသည်။

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ
- ထိုင်းနိုင်ငံ
- စင်ကာပူနိုင်ငံ
- မလေးရှားနိုင်ငံ
- ကမ္ဘောဒီးယားနိုင်ငံ
- လာအိုနိုင်ငံ

စသည့် အိမ်နီးချင်းနိုင်ငံများတွင် ထိုးပေးနေပြီဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင်ဆိုလျှင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်ကြောင်း၊ လူငယ်ကျောင်းသားများကို ပထမအသုတ် အနေဖြင့် ၁၈ နှစ်အထက်၊ ဒုတိယအသုတ် ၁၂ နှစ်မှ ၁၈ နှစ်၊ တတိယအသုတ် ခြောက်နှစ်မှ ၁၂ နှစ်အထိ ထိုးရန်စီစဉ်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့က အသက် ၁၂ နှစ်အရွယ် ကလေးတွေကို "ကာကွယ်ဆေး ကိုဗစ်-၁၉ ထိုးလို့ ဖြစ်မှ ဖြစ်ပါ့မလား" ဟု စဉ်းစားဗျာများနေချိန်တွင် ကမ္ဘောဒီးယားက အသက် ခြောက်နှစ်အရွယ်အထိ ထိုးပေးဖို့ ပြင်ဆင်နေပေပြီ။

မကြာမီက ပြုလုပ်ခဲ့သော သုတေသနတစ်ခုတွင်-

- ကလေးများသည်လည်း လူကြီးများကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ခံနေရကြောင်း၊
- အသက်ငယ်သော ကလေးများအတွက်ပါ ထိရောက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဖော်ထုတ်လျက်ရှိကြောင်း၊
- ကာကွယ်ဆေးထုတ်လုပ်သော ကုမ္ပဏီကြီးနှစ်ခုက အသက် ငါးနှစ်မှ ၁၁ နှစ်အထိ ကလေးငယ်များအတွက် ကာကွယ်ဆေး ထုတ်လုပ်ပြီးဖြစ်၍ အမေရိကန်နိုင်ငံ FDA မှ အရေးပေါ် အသုံးချခွင့်ပြုရန် တင်ပြထားကြောင်း တွေ့ရှိရလေသည်။

### ကောင်းရာညွှန်လတ်

သို့ဖြစ်၍ မြန်မာမိဘတို့အနေဖြင့် ဤသီတင်းကျွတ်ကာလ အခါသမယတွင် မိဘတို့ ဝတ္တရားတစ်ခုဖြစ်သည့် "ကောင်းရာညွှန်လတ်" ဟူသည့်အတိုင်း မိမိတို့၏ အသက် ၁၂ နှစ် အထက်အရွယ် သားငယ်သမီးငယ်ဆယ်ကျော်သက်များကို ကျောင်းများ၊ ရပ်ရွာထဲက ဆေးထိုးစုရပ်များသို့ လမ်းညွှန်ပေးကြပါ၊ ကြင်နာစွာ လက်ဆွဲခေါ်ယူလာကြပါရန် တောင်းပန်ရပေတော့မည်။

ဆရာများကလည်း ဆရာ့ဝတ္တရားအတိုင်း "ဘေးရန်ဆီးကာ" နိုင်ရန်အတွက် "သင့်ရာအပ်ပို့" ဖို့ အဆင်သင့်ရှိနေပြီဖြစ်ကြပါသည်။ ။

❑ **မြန်မာမိဘတို့အနေဖြင့် ဤသီတင်းကျွတ်ကာလ အခါသမယတွင် မိဘတို့ ဝတ္တရားတစ်ခုဖြစ်သည့် "ကောင်းရာညွှန်လတ်" ဟူသည့်အတိုင်း မိမိတို့၏ အသက် ၁၂ နှစ် အထက်အရွယ် သားငယ်သမီးငယ် ဆယ်ကျော်သက်များကို ကျောင်းများ၊ ရပ်ရွာထဲက ဆေးထိုးစုရပ်များသို့ လမ်းညွှန်ပေးကြပါ၊ ကြင်နာစွာ လက်ဆွဲခေါ်ယူလာကြပါရန် တောင်းပန်ရပေတော့မည်**

# လောကနန္ဒာစွယ်တော်မြတ်စေတီနှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့ကို မြစ်ရေတိုက်စားမှုကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၁၄

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ လောကနန္ဒာစွယ်တော်မြတ်စေတီနှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့ကို မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက လောကနန္ဒာစွယ်တော်မြတ်စေတီသည် ဧရာဝတီမြစ်ကမ်းဘေး၌တည်ရှိပြီး အေဒီ(၁၁)ရာစုတွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စေတီဖြစ်ကာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆင့်သတ်မှတ်ချက် အဆင့်-၁ (Grade One) အဆင့်ရှိသော စေတီတစ်ဆူဖြစ်ပါကြောင်း၊ ၁၉၇၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် လှုပ်ခတ်ခဲ့သော ငလျင်များကြောင့် ထိခိုက်မှုများ ရှိခဲ့သည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရှေးမူမပျက် ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း။

နှစ်စဉ် ဧရာဝတီမြစ်ရေတိုက်စားကာ မြစ်ကမ်းပါးများ ပြိုကျပျက်စီးမှုရှိခဲ့သောကြောင့် လောကနန္ဒာစွယ်တော်မြတ်စေတီတော်၏ အောက်ခြေမြစ်ကမ်းပါးများကို ၁၉၉၆ ခုနှစ်တွင် သံဆန်ခါလုံးအတွင်း ကျောက်ကြီးများဖြည့် ကာကွယ်ခြင်း (Stone Sausage)၊ ၂၀၀၃ ခုနှစ်တွင် Willo Matress အခြေပြု Steel Basket အတွင်း ကျောက်ကြီးများဖြည့်၍ ထိန်းသိမ်းခြင်းတို့ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Budget ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာငွေဖြင့် Geo-bag အခြေပြု ကွန်ကရစ် Slab ကိုးလက်မထုဖြင့် ကမ်းပါးထိန်းသိမ်းခြင်း၊ ထန်းလုံးတိုင်များဖြင့် ရေကာတာတည်ဆောက်ခြင်းနှင့် ထန်းလုံးတိုင်များဖြင့် ကမ်းပါးထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း။

လောကနန္ဒာ စွယ်တော်မြတ်စေတီ အထက်ပစ္စယာ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် စသည့် အရပ်လေးမျက်နှာတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၉ ခုနှစ်တွင် ရေချိန်များတပ်ဆင်၍ အဆိုပါရေချိန်အကဲဖြတ်မှုဖြင့် အမြဲမပြတ် စောင့်ကြည့်မှတ်တမ်းတင်လျက်ရှိကြောင်း၊ အောက်တိုဘာ ၉ ရက်က သွားရောက်စစ်ဆေးရာတွင် စေတီနှင့် စေတီရင်ပြင်တို့၏ အနောက်တောင်ဘက်သည် အနည်းငယ်နိမ့်သွားသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ စေတီပရိဝုဏ်ရှိ ဧရာဝတီမြစ်ကမ်းကို သွားရောက်စစ်ဆေးရာတွင်လည်း ဧရာဝတီမြစ်ရေသည် အဆိုပါ ကမ်းပါးကိုပါ တိုက်စားလျက်ရှိသည်ကို တွေ့ရှိကြောင်း။

မြစ်ရေတိုက်စားမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစားပေးအနေဖြင့် အလျားပေ ၁၀၀၀ ခန့်ကို ကွန်ကရစ်ပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံ (ကွန်ကရစ်ပြားကပ်) တမံ ပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ထားသည်ကို သိရှိရကြောင်း။

မြစ်ရေတိုက်စားမှုကို အချိန်မီထိန်းသိမ်းနိုင်ခြင်းမရှိပါက လောကနန္ဒာ စွယ်တော်မြတ်စေတီကို ထိခိုက်နိုင်သည့်အပြင် စေတီပရိဝုဏ်နှင့် တစ်ဆက်တည်းရှိနေသည့် လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်ကိုပါ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ မြစ်ရေကျဆင်းချိန်ဖြစ်သည့် ယခုနှစ် ပွင့်လင်းရာသီအတွင်း မြစ်ကမ်းပါး ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများ ပြီးစီးအောင် ဆောလျင်စွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လောကနန္ဒာ စွယ်တော်မြတ်စေတီနှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့ကို မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသော ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်ရာတွင် လောကနန္ဒာစွယ်တော်မြတ်စေတီ၏ ထည်ဝါခံ့ညားမှုနှင့် မူလရှေးဟောင်းသွင်ပြင်လက္ခဏာများ မထိခိုက်စေရေး၊ လောကနန္ဒာဘေးမဲ့တောဥယျာဉ်၏ ဇီဝမျိုးစုံ၊ မျိုးကွဲ သားငှက်တိရစ္ဆာန်များနှင့် ရေတိမ်ဒေသထိန်းသိမ်းထားမှုများ မထိခိုက်စေရေးတို့အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# အမှန်တကယ်အသုံးပြုခဲ့သောဓာတ်အားခများ အပြည့်အဝပေးသွင်းရေး ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၄

**ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအား ဓာတ်အားစဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားသုံးစွဲသူပြည်သူများကလည်း အမှန်တကယ်အသုံးပြုခဲ့သော ဓာတ်အားခများကို အပြည့်အဝပေးသွင်းရေးအတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် အလုံမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးမှ တာဝန်ရှိသူများ အောက်တိုဘာ ၁၂ ရက်က အဆိုပါရုံး၌ တွေ့ဆုံဆွေးနွေးသည်။**



ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဦးကျော်သူက မီတာဖတ်ရှုရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ပြည်သူများ ဓာတ်အားခပေးဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ပေးဆောင်ရမည့် နောက်ဆုံး ရက်သတ်မှတ်ချက်ကို ကြိုတင်အသိပေးခြင်း၊ လျှပ်စစ်ဓာတ်အားပေးခွဲရုံများနှင့် နေ့စဉ်ဓာတ်အားသုံးစွဲမှု အခြေအနေ၊ မြို့နယ်များတွင် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ချက်များကို ဝန်ကြီးအား တင်ပြပြီး ကော်ပိုရေးရှင်းခေတ္တဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် အမှန်တကယ် အသုံးပြုခဲ့သော ဓာတ်အားခများ အပြည့်အဝ ပေးသွင်းရေးနှင့် ပေးသွင်းခြင်းမရှိပါက မီတာဖြုတ်တောက်မည့်အစီအစဉ်များနှင့် နောက်ကျဒဏ်ကြေး ပေးဆောင်စေခြင်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင်ဆောင်ရွက်ရန်၊ ကျေးလက်ဒေသအားလုံး ယခုဘဏ္ဍာနှစ်တွင် လျှပ်စစ်မီးရရှိပြီး မီးလင်းရေးဆောင်ရွက်ရန်၊ ဆိုလာနည်းစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး ဦးစားပေးဆောင်ရွက်ရန်၊ လျှပ်စစ်မီတာခများကို အွန်လိုင်းမှ ပေးသွင်းနိုင်အောင် စီမံဆောင်ရွက်ရန်၊ ပြည်သူများအား ဝန်ဆောင်မှုပေးနေသော လုပ်ငန်းဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏လိုလားချက်များကိုဖြည့်ဆည်းပေးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် Advanced Metering Infrastructure(AMI) နည်းစနစ်ဖြင့် မြို့နယ်ခြောက်ခုအတွက် မီတာဖတ်ခြင်း၊ မီတာခပေးချေခြင်း၊ သုံးစွဲသည့်ယူနစ်ကြည့်ရှုခြင်း၊ တောင်းခံငွေ၊ ကောက်ခံရငွေ၊ ကြွေးကျန်ရှိမှုများကို သိရှိနိုင်သည့် အခြေအနေများနှင့် မြို့နယ်ခုနစ်ခုတွင် AMI စနစ်ဆောင်ရွက်နေမှုများ မကြာမီပြီးစီးမည်ဖြစ်၍ ၁၃ မြို့နယ်တွင် AMI စနစ်ဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

❄ *ကျောဖုံးမှ*

တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တွေ ပူးပေါင်းပြီး YBS ခရီးသည်တင်ယာဉ်လိုင်းတွေက ယာဉ်မောင်းတွေကို အောက်တိုဘာ ၁၃ ရက်ကနေ ၁၆ ရက်အထိ တစ်ရက်ကို လူဦးရေ ၁၀၀၀ နှုန်းနဲ့ နံနက် ၉ နာရီကနေ ညနေ ၄ နာရီအထိ လေးရက်ကြာ ထိုးနှံပေးလျက်ရှိပါတယ်။ YBS ယာဉ်လိုင်းကုမ္ပဏီ ၁၉ ခု၊ ပုဂ္ဂလိကကြီးကြပ် လေးခု စုစုပေါင်း ၂၃ ခုမှာရှိတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမထိုးနှံရသေးတဲ့ ဝန်ထမ်းတွေနဲ့ ယာဉ်မောင်းတွေကို အဓိကထားထိုးနှံပေးမှာဖြစ်ပါတယ်” ဟု YRTC မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

“အရင်ကတည်းက YBS ယာဉ်တွေမှာ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးပိုစတာတွေကပ်ပြီး အသိပညာပေးလှုပ်ရှားမှု ကမ်ပိန်းတွေကို စဉ်ဆက်မပြတ်လုပ်ဆောင်လာခဲ့ပါတယ်။ ဒါ့အပြင် ခရီးသည်တွေအနေနဲ့ နှာခေါင်းစည်းမတပ်ဆင်ဘဲ ဘတ်စ်ကားတွေ မစီးဖို့၊ လက်ကို လက်သန့်ဆေးရည်နဲ့ စက္ကန့် ၂၀ ကြာ ဆေးကြောဖို့၊ တတ်နိုင်သမျှ သတ်မှတ် အကွာအဝေးအတိုင်း ခပ်ခွာခွာနေပေးကြဖို့ အသိပညာပေးလျက်ရှိသလို၊ ယာဉ်မောင်းတွေကိုလည်း နှာခေါင်းစည်းစနစ်တကျတပ်ဆင်ပြီးမှ ယာဉ်မောင်းနှင်ကြဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ခရီးစဉ်တစ်ခု ပြီးဆုံးသွားတိုင်းမှာ ယာဉ်တွေကို ပိုးသတ်ဆေးဖျန်း၊ သန့်ရှင်းရေးပြုလုပ်ပါတယ်”ဟု ၎င်းက ဆက်ပြောသည်။

ကာကွယ်ဆေး ထိုးနှံပေးရာတွင် လူစုလူဝေး မဖြစ်ပေါ်စေရေးနှင့် လာရောက်ထိုးနှံသူများအနေဖြင့် အဆင်ပြေစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ YRTC ရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်းအပါအဝင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

YRTC ၏ စီမံမှုလက်အောက်ရှိ YBS ကုမ္ပဏီများမှ ခရီးသည်တင်ယာဉ်များသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း နေ့စဉ် ယာဉ်အစီးရေ ၂၀၀၀ ခန့်ဖြင့် ခရီးသွားပြည်သူ ၂ ဒသမ ၃ သိန်းခန့်ကို ပို့ဆောင်ပေးလျက်ရှိရာ YBS ခရီးသည်တင်ယာဉ်မောင်းများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရရန် လွယ်ကူနေသဖြင့် YRTC မှ ဝန်ထမ်း ၃၃ ဦး၊ YBS ခရီးသည်တင်ယာဉ်လိုင်းကုမ္ပဏီများမှ ဝန်ထမ်းများနှင့် ယာဉ်မောင်း ၃၉၉၉ ဦး စုစုပေါင်း ၄၀၃၂ ဦးအား ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်သည်။

**နိုင်လင်းအောင်**

**(ပြန်/ဆက်)**

*❂ကျောဖုံးမှ*

၄-၈-၂၀၂၁ ရက်နေ့ အစည်းအဝေးတွင် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂)အား အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးနောက် မြန်မာနိုင်ငံသည် အထူးကိုယ်စားလှယ်နှင့် ပုံမှန်ထိတွေ့ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပါသည်။

အထူးကိုယ်စားလှယ်သည် ၁၁-၁၀-၂၀၂၁ မှ ၁၄-၁၀-၂၀၂၁ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်လိုကြောင်း၊ အဆိုပါခရီးစဉ်တွင် ၎င်းတွေ့ဆုံလိုသူများ၏အမည်နှင့် မြန်မာဘက်က ဆောင်ရွက်ပေးရမည့်ကိစ္စများကို ဖော်ပြသည့် ပေးစာကို မြန်မာဘက်သို့ ၂-၁၀-၂၀၂၁ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ၇-၁၀-၂၀၂၁ ရက်စွဲပါစာဖြင့် မြန်မာဘက်မှ စီစဉ်ဆောင်ရွက်ပေးနိုင်မည့် ခရီးစဉ်ကို အထူးကိုယ်စားလှယ်ထံသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ အထူးကိုယ်စားလှယ်က ၈-၁၀-၂၀၂၁ ရက်စွဲပါစာဖြင့် ၎င်း၏ မူလတောင်းဆိုချက်ပါအတိုင်း မြန်မာဘက်မှ ဆောင်ရွက်ပေးရန် စာပြန်လည်ပေးပို့ခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနက ၉-၁၀-၂၀၂၁ ရက်စွဲပါစာဖြင့် မြန်မာဘက်က လိုက်လျောမှုအချို့ ပြုလုပ်ပြီး ပြန်လည်ပြင်ဆင်ပေးထားသည့် ခရီးစဉ် အစီအစဉ်သစ်တစ်ခုကို အထူးကိုယ်စားလှယ်ထံ ပေးပို့ခဲ့ပါသည်။ အထူးကိုယ်စားလှယ်က ၁၁-၁၀-၂၀၂၁ ရက်စွဲပါစာဖြင့် ၎င်း၏ မူလတောင်းဆိုချက်များအတိုင်းသာ ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သောကြောင့် မြန်မာဘက်က ၁၁-၁၀-၂၀၂၁ ရက်စွဲပါစာဖြင့် ခရီးစဉ်ဖြစ်မြောက်ရေးအတွက် အတတ်နိုင်ဆုံး ဆောင်ရွက်ပေးထားကြောင်းကို ရှင်းလင်းဖော်ပြသည့် ပြန်ကြားစာပေးပို့ခဲ့ပါသည်။

အထူးကိုယ်စားလှယ်က ၁၂-၁၀-၂၀၂၁ ရက်စွဲပါစာဖြင့် ၎င်း၏ မူလတောင်းဆိုချက်များအတိုင်း ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သောကြောင့် မြန်မာဘက်က ၁၂-၁၀-၂၀၂၁ ရက်စွဲပါစာဖြင့် မိမိဘက်မှ လိုက်လျောပေးထားမှုနှင့် အခြေအနေများကို အထူးကိုယ်စားလှယ်ဘက်သို့ ပြန်ကြားခဲ့ပါသည်။

၁၂-၁၀-၂၀၂၁ ရက်နေ့တွင် အထူးကိုယ်စားလှယ်က သတင်းထုတ်ပြန်ချက်တစ်ရပ်ပြုလုပ်ပြီး မြန်မာနိုင်ငံသို့ လာရောက်ရာတွင် သက်ဆိုင်သူများအားလုံးနှင့် တွေ့ဆုံခွင့်ရရန် လိုအပ်ကြောင်းကို ဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်ဖြစ်မြောက်ရေးအတွက် လိုက်လျောမှုများကို အတတ်နိုင်ဆုံးဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အလေးပေးဆောင်ရွက်နေရချိန် ဖြစ်သောကြောင့် အချို့ကိစ္စရပ်များကို ဆောင်ရွက်ပေးရန်မှာ အခက်အခဲရှိသကဲ့သို့ အချို့ကိစ္စရပ်များသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်သောကြောင့် ယင်းတို့ကို အထူးကိုယ်စားလှယ်နှင့် အခြားနိုင်ငံများမှ နားလည်ပေးရန် လိုအပ်ပါသည်။

အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံသို့ လာရောက်မည့် ပထမဆုံးခရီးစဉ်တွင် နှစ်ဖက် ယုံကြည်မှုတည်ဆောက်ရေးကိစ္စကိုသာ အထူးကိုယ်စားလှယ်မှ အလေးပေးဆောင်ရွက်သင့်ပြီး မြန်မာနိုင်ငံဘက်ကလည်း ၎င်းနှင့် အစိုးရတာဝန်ရှိသူများအပြင် တွေ့ဆုံသင့်သူများကို တွေ့ဆုံနိုင်ရန် စီစဉ်ပေးထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း လာရောက်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

အထူးကိုယ်စားလှယ်အနေဖြင့် မြန်မာနိုင်ငံခရီးစဉ် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ရာတွင် အာဆီယံ၏အခြေခံမူများ၊ အာဆီယံပဋိညာဉ်နှင့် အာဆီယံစိတ်ဓာတ်တို့ကို အခြေခံပြီး ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်မည်ဟု ပြောကြားထားသည်ကို ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးဦးတည်ချက်နှင့် ဖိအားပေးသည့် နည်းလမ်းများဖြင့် ဆောင်ရွက်လိုသူများ၏ လုပ်ဆောင်မှုများကို ရှောင်ရှားနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်**

# လူသားချင်းစာနာမှုအကူအညီပေးရေးနှင့် လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအား မိမိတို့နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်နေ

**နေပြည်တော် အောက်တိုဘာ ၁၄**

အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပရာ အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသောဝန်ကြီးများအဆင့် အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့သည်။(ယာပုံ)




**တက်ရောက်**

အစည်းအဝေးနံနက်ပိုင်း အစီအစဉ်များအဖြစ် “အာဆီယံဒေသတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် တီထွင်ဆန်းသစ်မှု ပိုမိုမြှင့်တင်ဆောင်ရွက်ရေး” ခေါင်းစဉ်ဖြင့် အာဆီယံနေ့အခမ်းအနားကိုလည်းကောင်း၊ ယင်းနောက် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများ၏ (၁၀)ကြိမ်မြောက် အစည်းအဝေးကိုလည်းကောင်း ကျင်းပရာ အာဆီယံနိုင်ငံ (၁၀) နိုင်ငံဝန်ကြီးများ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (UNOCHA)၊ ကုလသမဂ္ဂ အာရှပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(UNESCAP)၊ ကုလသမဂ္ဂဆိုင်ရာ အမျိုးသမီးအဖွဲ့အစည်း(UN Women)တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ဆက်လက်၍ (၉)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ဆက်လက်ကျင်းပပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးများက နိုင်ငံအလိုက် နှုတ်ခွန်းဆက်စကားနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲလုပ်ဆောင်မှုများကို အသီးသီးရှင်းလင်းပြောကြားကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လတ်တလောအခြေအနေတွင် ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြုံတွေ့နေရသည့် ကိုဗစ် -၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အရေးပါသော ကဏ္ဍဖြစ်သည့် ကာကွယ်ဆေးထိုးခြင်း အစီအစဉ်ကို အရှိန်မြှင့်တင်ဆောင်ရွက်နေရာ ဦးစားပေးအုပ်စုများ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးစားပေးအုပ်စုများတွင် ပါဝင်နေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နေရပ်စွန့်ခွာသူများ၏ ယာယီခိုလှုံရာစခန်းများတွင် ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ အလေးထားဆောင်ရွက်မှုကြောင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလဆန်းတွင် ကိုဗစ်-၁၉ ကူးစက်နှုန်း ၇ ရာခိုင်နှုန်းအထိ ကျလာပြီဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၀ ဒသမ ၆ သန်းကျော်ရှိပြီး ကာကွယ်ဆေးလွှမ်းခြုံမှုမှာ ၁၂ ရာခိုင်နှုန်းကျော်ရှိပြီဖြစ်ကြောင်း၊ အာဆီယံနိုင်ငံခေါင်းဆောင်များ၏ ဘုံသဘောတူ ဆွေးနွေးချက်များအရ မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီအနေဖြင့် ကိုဗစ် -၁၉ တုံ့ပြန်ရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများပေးပို့မှုအတွက်လည်း အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများကိုလည်း အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အာဆီယံအတွင်းရေးမှူးချုပ်က တင်ပြရာ အဖွဲ့ဝင်နိုင်ငံများက ဝိုင်းဝန်းဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ပြည်ထောင်စုဝန်ကြီးက တုံ့ပြန်ဆွေးနွေးရာတွင် အာဆီယံခေါင်းဆောင်များ၏ ဘုံသဘောတူညီချက်အရ ဆက်လက်ဆောင်ရွက်သွားမည့် လူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများအတွက်လည်း အာဆီယံမိသားစုဝင် နိုင်ငံတစ်နိုင်ငံ၏ လိုက်နာရန်အချက်များနှင့်အညီ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ AHA Centre တို့နှင့်အတူ ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သည့်အကြောင်းကြောင့်မဆို ရပ်တန့်၍မရသည့် လူသားချင်း စာနာမှုအကူအညီပေးရေးနှင့် လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအား မိမိတို့နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေပါကြောင်း၊ ဆောင်ရွက်ရာတွင်လည်း အခြေခံရမည့် နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီပေးရေး မူဝါဒများ၊ ကူညီမှုကြောင့် မည်သူမျှ ထိခိုက်နစ်နာမှုမရှိစေရေး၊ မည်သူမျှ ချန်လှပ်မှုမရှိစေရေး၊ သာလွန်ကောင်းမွန်သော ပြန်လည်ထူထောင်မှုဖြစ်စေရေးတို့အား အထူးအလေးထားကာ နိုင်ငံသားဖြစ်မှု၊ လူမျိုး၊ ဘာသာ၊ ယုံကြည်မှုတို့နှင့် မသက်ဆိုင်စေဘဲ လိုအပ်သူတိုင်းအား ပံ့ပိုးကူညီနိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ ASEAN အပါအဝင် နိုင်ငံတကာမှ ကူညီပံ့ပိုးရာတွင်လည်း မြန်မာနိုင်ငံမှကျင့်သုံးနေသည့် လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ခံယူချက်စည်းကမ်းမူများနှင့်အညီ အပြန်အလှန် လေးစားယုံကြည်မှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ယုံကြည်တိုက်တွန်းပါကြောင်း၊ မိမိတို့အာဆီယံနိုင်ငံများအနေဖြင့် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံကောင်းများအား အခြေခံပြီး သဘာဝဘေးလျော့ပါးရေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ASEAN ၏ ရည်မှန်းချက်ဖြစ်သည့် သဘာဝဘေးစီမံခန့်ခွဲမှုကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှုရရှိနိုင်ရန် ဆုမွန်တောင်း ဆန္ဒပြုပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးအတည်ပြု**

မွန်းလွဲပိုင်းအစီအစဉ်အဖြစ် အာဆီယံနိုင်ငံများမှ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအနေဖြင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် အာဆီယံတို့ ပူးပေါင်းဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲကြေညာချက်များနှင့်စပ်လျဉ်း၍ အပိုင်းအလိုက်၊ အခန်းကဏ္ဍအလိုက် ဆွေးနွေးအတည်ပြုခဲ့ကြသည်။

**ပါဝင်ဆွေးနွေး**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် အဖွဲ့သည် အောက်တိုဘာ ၈ ရက်တွင် Video Conferencing ဖြင့် ကျင်းပသည့် အာဆီယံလူသားချင်းစာနာမှု ညှိနှိုင်းဆောင်ရွက်ရေးဗဟိုဌာန၏ (၁၅) ကြိမ်မြောက် အုပ်ချုပ်မှုဘုတ်အဖွဲ့အစည်းအဝေး၊ အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အောက်တိုဘာ ၁၁ ရက်တွင် ကျင်းပသည့် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၃၉) ကြိမ်မြောက် အစည်းအဝေးနှင့် အောက်တိုဘာ ၁၂ ရက်တွင် ကျင်းပသည့် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ + တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယအကြိမ် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ + ဂျပန်နိုင်ငံ၊ ပထမအကြိမ် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ+ကိုရီးယားပြည်သူ့သမ္မတနိုင်ငံနှင့် (၁၆) ကြိမ်မြောက် လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးများသို့ တက်ရောက်ပါဝင် ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

**သတ္တမအကြိမ်မြောက် အာဆီယံနိုင်ငံများ မူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် အလှည့်ကျအိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံ၊ အမျိုးသား မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ (NACD) က ကြီးမှူးကျင်းပသည်။**




အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှူးရုံး အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။ (ယာပုံ)

**မူးယစ်ဆေးဝါးထိန်းချုပ်ရေး**

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်က ကမ္ဘာ တစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေဆိုးများကြောင့် တားဆီးနှိမ်နင်းရေး ဆောင်ရွက်ရာတွင် စိန်ခေါ်မှုအခက်အခဲများ ရှိနေသော်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးကို အရှိန်အဟုန်မပျက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်သူများတွင် တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်မှု၊ ရောင်းဝယ်မှုများ၏ ကျူးလွန်ပုံ၊ ကျူးလွန်နည်းများနှင့် ပတ်သက်ပြီး နည်းပညာကိုအသုံးချကာ လမ်းကြောင်း ပြောင်းလဲသယ်ဆောင်နေသည့်အတွက် မိမိတို့ အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန် အဟုန်မြှင့်တင်ရန် ပိုမိုလိုအပ်လာပါကြောင်း၊ မြန်မာ နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်၌ တာဝန်ယူခဲ့ သည့် အစိုးရအဖွဲ့များသည် မူးယစ်ဆေးဝါးတိုက်ဖျက် ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ် ရေးမူဝါဒသစ်၌ ပါဝင်သည့် ကဏ္ဍ(၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွင် နိုင်ငံတော်အစိုးရ နှင့် ဒေသခံပြည်သူများ၊ နိုင်ငံတကာအဖွဲ့အစည်း များ၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာခဲ့ ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဘိန်းစိုက်ပျိုးမှု ၁၁ ရာခိုင်နှုန်းရှိပြီး ဘိန်းထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်း လျော့ကျခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အတွက် ဖမ်းဆီးရမိမှုဖြစ်စဉ်များနှင့် သယ်ဆောင်ရာ လမ်းကြောင်းအခြေအနေများကို သုံးသပ်ပြီး ၂၀၀၃ ခုနှစ်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလအထိ မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ၃၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ရာ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် အမှုပေါင်း ၅၀၈၇ မှု၊ တရားခံပေါင်း ၇၃၃၇ ဦးတို့ကို မူးယစ် ဆေးဝါးများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ဓာတုပစ္စည်းများနှင့်အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက်နိုင် သော်လည်း နယ်စပ်ဒေသများမှတစ်ဆင့် မူးယစ် ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ် ပရီကာဆာဓာတုပစ္စည်းများနှင့် ထိန်းချုပ်ခြင်းမရှိ သည့် ပရီကာဆာဓာတုပစ္စည်းများ နယ်စပ်ဒေသများ မှတစ်ဆင့် တရားမဝင် ဝင်ရောက်လာမှုများကြောင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများ မြင့်တက်လာမှုကို ဖမ်းဆီးရမိမှုများအရ တွေ့ရှိရပါကြောင်း၊ ပရီကာဆာ ဓာတုပစ္စည်းထုတ်လုပ်မှု စီးပွားရေးမှာ မူးယစ် ဆေးဝါးထုတ်လုပ်မှုနှင့် ဆက်နွယ်နေသောကြောင့် ပရီကာဆာဓာတုပစ္စည်းများ ထိန်းချုပ်ရေးကိုလည်း ဒေသတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေနှင့် အလေးထားပူးပေါင်းဆောင်ရွက်သွားရန် အရေးကြီး ကြောင်း ဆွေးနွေးပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ခဲ့ကြပြီး သက်ဆိုင်ရာ အာဆီယံအဖွဲ့ဝင် နိုင်ငံများက မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်း များအတွက် နိုင်ငံအလိုက် ဦးစီးဆောင်ရွက်ခဲ့သည့် (၄၁)ကြိမ်မြောက်နှင့် (၄၂)ကြိမ်မြောက် အာဆီယံ မူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ နောက်ဆက်တွဲလုပ်ငန်းကိစ္စရပ် များ၊ ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်း စီမံချက် (၂၀၁၆ -၂၀၂၅) ကာလလယ်သုံးသပ်မှု အစီရင်ခံစာအတည်ပြုခြင်း၊ ရွှေတြိဂံဒေသ တရား မဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင် ရောင်းဝယ်မှု တိုက်ဖျက်ရေး အာဆီယံပူးပေါင်း ဆောင်ရွက်ရေးစီမံချက် (၂၀၂၀-၂၀၂၂) ကာလလယ် သုံးသပ်မှုအစီရင်ခံစာတင်ပြခြင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (CND)၏ ဆက်စပ်မှုကိစ္စရပ်များဆွေးနွေးခြင်းနှင့် ရှေ့ဆက် လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအခြေအနေ များကို ရှင်းလင်းပြောကြားကာ ၂၀၂၂ ခုနှစ်အတွက် အဋ္ဌမအကြိမ်မြောက် အာဆီယံနိုင်ငံများ မူးယစ် ဆေးဝါးဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပ ရေးကိစ္စတို့နှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းများကို အတည်ပြုထုတ်ပြန်နိုင်ရေး အတွက် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပ ခဲ့သည့် ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက် အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့ မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းသား ကျောင်းသူများ ကာကွယ်ဆေးထိုးနှံပေးမှုအတွက် အသိပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝင်္ကပါလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၌ အရာထမ်းများနှင့် တွေ့ဆုံသည်။



ထို့နောက် စာပေဗိမာန်ရုံး၌ အမျိုးသားစာပေဆု ရွေးချယ်ရေး စိစစ်ဆောင်ရွက်နေကြသော ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီး များအား တွေ့ဆုံနှုတ်ဆက်ပြီး စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးစိတ်ဖြင့် ပူးပေါင်း ဆောင်ရွက်ခြင်းကို ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း၊ လက်ရှိအခြေ အနေတွင် ပြည်သူလူထုနှင့် လူငယ်များအား အသိပညာ ဖြန့်ဝေပေးရာတွင် အခြားမီဒီယာ များနည်းတူ ဆရာကြီး၊ ဆရာမ ကြီးများကလည်း တတ်နိုင်သရွေ့ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် နှင့် အကျိုးပြုစာပေများ ဆက်လက်ရေးသားပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ဆွေးနွေး ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယ ဝန်ကြီးသည် ရန်ကုန်မြို့ သိမ်ဖြူ လမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ စုပေါင်း ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြန်ကြားရေးဝန်ကြီး ဌာနအောက်မှ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ အရာထမ်း၊အမှုထမ်း များနှင့် တွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံ တော်အပေါ် သစ္စာစောင့်သိပြီး ပေးအပ်သောတာဝန်ကို ကျေပွန် စွာ ထမ်းဆောင်ရေး၊ နိုင်ငံတော်က ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက် များ ချမှတ်၍ အရေးပေါ်ကာလ အတွင်း လုပ်ဆောင်နေသည် များကို အောင်မြင်စေရန် မီဒီယာ ကဏ္ဍမှ တတ်နိုင်သမျှ နည်းလမ်း များဖြင့် ပါဝင်ဆောင်ရွက်ရေး၊ လူငယ်များအား ဗလငါးတန်နှင့် ပြည့်ဝစေရန် အသိပညာဖြည့် ဆည်းပေးရေး၊ ကိုဗစ်ရောဂါ ကူးစက်မှု လျော့နည်းလာသည် နှင့်အမျှ မကြာမီ အခြေခံကျောင်း များ ပြန်လည်ဖွင့်လှစ်သည့်အခါ အဆင်သင့်ဖြစ်စေရန် ကျောင်း သား ကျောင်းသူများ ကာကွယ် ဆေးထိုးနှံပေးမှုအတွက် အသိ ပညာပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲ ကျင်းပချိန်တွင် မဲပေးခွင့်ရှိသူ တိုင်း ဥပဒေနှင့်အညီ မဲပေးနိုင်စေ ရန် နိုင်ငံသားစိစစ်ရေးလက်မှတ် များ ထုတ်ပေးနေသည့် ပန်းခင်း စီမံချက် အောင်မြင်ရေး ပညာပေး ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မိမိတို့ တာဝန်ထမ်းဆောင်ရာ ဒေသ ဖွံ့ဖြိုးရေးတိုးတက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင် ရွက်ရေး၊ ရုံးဌာနနှင့် စက်ရုံ အလုပ်ရုံများ လုံခြုံရေးဂရုပြုရန် နှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များကို ဆွေးနွေး မှာကြားသည်။

ထို့နောက် တက်ရောက်လာ သော ဝန်ထမ်းများ၏ ဆွေးနွေး တင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်း ဆွေးနွေးပြီး လိုအပ်ချက် များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ သည်။

**သတင်းစဉ်**

**အပူပိုင်းမုန်တိုင်း “ကွန်(မ်)ပစု” ဗီယက်နမ်နိုင်ငံအထက်ပိုင်း ကမ်းခြေဒေသများကို ဖြတ်ကျော်နိုင်**

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ကွန်(မ်)ပစု”သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဗင်းန်ရှ်မြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်း “ကွန်(မ်)ပစု”သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ယနေ့ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံအထက်ပိုင်း ကမ်းခြေဒေသများကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန (၉) ကြိမ်မြောက် ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနား ကျင်းပ

## ကမ္ဘာ့အဆင့်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့် နည်းပညာဖလှယ်မှုများနှင့် ဆန်းသစ်တီထွင်မှုများ မြှင့်တင်ရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၏ အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြု

**နေပြည်တော် အောက်တိုဘာ ၁၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ (၉) ကြိမ်မြောက် "ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနား ၂၀၂၁" ကို ယနေ့ နံနက် ၁၀ နာရီတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

**အသိအမှတ်ပြု**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနားကို ၁၉၇၀ ပြည့်နှစ်၊ အောက်တိုဘာ ၁၄ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့ပြီး အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ (International Organization for Standardization–ISO)၊ အပြည်ပြည်ဆိုင်ရာ လျှပ်စစ်နည်းပညာကော်မရှင် (International Electro technical Commission–IEC) နှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂ (International Telecommunication Union–ITU) စသည့်အဖွဲ့အစည်းတို့မှ ထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများ အရေးပါပုံကို မီးမောင်းထိုးပြနိုင်ရန်၊ ကမ္ဘာ့အဆင့်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့် နည်းပညာဖလှယ်မှုများနှင့် ဆန်းသစ်တီထွင်မှုများ မြှင့်တင်ရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၏ အဓိကအခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊ နိုင်ငံတကာ၊ ဒေသတွင်းနှင့် အမျိုးသားအဆင့် စံသတ်မှတ်ချက်များတွင် ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသည့် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ နယ်ပယ်များတွင် တာဝန်ယူဆောင်ရွက်နေသော ပညာရှင်များနှင့် ကျွမ်းကျင်ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုရန်၊ ကုန်စည်ဝန်ဆောင်မှုများနှင့် ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန်နှင့် စံချိန်စံညွှန်းများဖြင့် ကိုက်ညီစွာထုတ်လုပ်ရာတွင် ပညာရှင်များ၏ ကြိုးပမ်းမှုရလဒ်များကို ချီးကျူးရန်အတွက် ကျင်းပခြင်းလည်း ဖြစ်ပါကြောင်း။

ယခုနှစ် ကမ္ဘာ့စံချိန်စံညွှန်းနေ့ အခမ်းအနားအတွက် ရွေးချယ်ခဲ့သည့် ဆောင်ပုဒ်မှာ "ပိုမို ကောင်းမွန်သောကမ္ဘာကြီးအတွက် အမြင်မျှဝေခဲ့ခြင်း" (Shared Vision for a Better World) ဖြစ်ပြီး ၎င်းဆောင်ပုဒ်အရ ပိုမိုကောင်းမွန်သော၊ တရားမျှတ၍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာတစ်ခုရရှိရန်မျှော်မှန်း၍ ပျော့ပြောင်းနိုင်ပြီး အနာဂတ်မျိုးဆက်များအတွက် ကာကွယ်ပေးသော ကမ္ဘာကြီးအား တည်ဆောက်ရန် (Standards for SDGs) အရ ရည်ရွယ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။




**ရှင်းလင်းပြောကြား**

ထို့နောက် ကမ္ဘာ့စံချိန်စံညွှန်းနေ့အခမ်းအနား ဗီဒီယိုပြသပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနနှင့် နည်းပညာဆပ်ကော်မတီတို့မှ ကိုယ်စားလှယ်များက အမျိုးသားအရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံကဏ္ဍ၊ စံချိန်စံညွှန်းဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်ချက်များနှင့် နည်းပညာဆပ်ကော်မတီများ၏ စံချိန်စံညွှန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များ၊ စံချိန်စံညွှန်း ရေးဆွဲရေး နည်းပညာဆပ်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအသင်းအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာနသို့ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆေးပစ္စည်းများလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (TICA) မှ ကိုဗစ်–၁၉ ရောဂါရှာဖွေရေးဆိုင်ရာ RT–PCR စက်နှစ်စုံ၊ ဓာတ်ခွဲခန်းသုံး ဆေးရည်များနှင့် Negative Pressure Isolation Room (5) rooms နှင့် Positive Pressure Isolation Chamber–Swab Units (10) units တို့အား လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန ရန်ကုန်မြို့တွင် ကျင်းပသည်။




လှူဒါန်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာထိုင်းသံရုံး (Royal Thai Embassy of Myanmar) မှ သံအမတ်ကြီး H.E. Mrs. Suphatra Srimaitreephithak၊ အမြဲတမ်းအတွင်းဝန် Ms. Chana Sindhvananda နှင့် ပထမအတွင်းဝန် Mr. Wuthikiat Chaicharna တို့တက်ရောက်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်၊ ပါမောက္ခချုပ်၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)၊ ဒေါက်တာ ကျော်ရွှေ၊ ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ဒေါက်တာ သီတာလှ၊ ပါမောက္ခချုပ်/ ဆေးရုံအုပ်ကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ အယ်ထူးဖေနှင့် ဒေါက်တာ ဆွေဆက်၊ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ပါမောက္ခ ဒေါက်တာ ဌေးဌေးတင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (TICA) မှ ယခုကဲ့သို့ ကူညီပံ့ပိုးမှုများအပြင် အောက်ဆီဂျင်အရည်များ ထောက်ပံ့ပေးနိုင်မှု၊ ဆရာဝန်၊ သူနာပြုနှင့် ဓာတ်ခွဲပညာရှင်များ ထိုင်းနိုင်ငံ၌ ရက်တိုရက်ရှည် ဘာသာရပ်အလိုက် သင်တန်းပေးနိုင်မှု အခြေအနေများ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံကြား နယ်စပ်ချင်းထိစပ်နေသည့် တနင်္သာရီတိုင်းဒေသကြီး တစ်လျှောက် ခုတင် (၅၀)မှ ခုတင် (၅၀၀)အထိ ပြည်သူ့ဆေးရုံကြီးများတွင် မီးစက် (Generators) များ ထောက်ပံ့ပေးနိုင်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ ဗဟို ဆေးသိုလှောင်ရေးဌာန (Central Medical Store Depot) ၌ ၃–၁၀–၂၀၂၁ ရက်နေ့တွင် ရောက်ရှိ သိမ်းဆည်းထားသော Negative Pressure Isolation Room (5) rooms နှင့် Positive Pressure Isolation Chamber–Swab Units (10) units တို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့မှ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးထံသို့ ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီ ဖြန့်ဖြူးရောင်းချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွက် စားအုန်းဆီ ၇၄၄၆၄၉၂ ပိဿာ၊ တန်ချိန် ၁၂၁၆၇ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင် အကျိုးအမြတ် ၂ ရာခိုင်နှုန်းထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချပေးမည့်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ်(၁၀၄/၁၀၈)ကမ်းနားလမ်း၊ လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ် ၀၉–၄၄၄၄၃၇၂၉၅၊ ၀၉–၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁–၂၅၀၂၇၀၊ ၀၉–၄၃၆၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၀၂ ဦး၊ အမျိုးသမီး ၁၅၁ ဦး စုစုပေါင်း ၃၅၃ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခြောက်ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား တစ်ဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၆၅ ဦး၊ အမျိုးသမီး ၂၃၃ ဦး စုစုပေါင်း ၄၉၈ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် -၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အောက်တိုဘာ ၁၆ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူတိုင်းနှင့်သင့်တင့်အောင်နေထိုင်တော့မည်ဆိုသော ပုပုအကြောင်း ရေးဖွဲ့ထားသည့် "ပုပုပါဝင်သည့် အပြစ်မမြင်တော့ပါ" မျက်နှာဖုံးကာတွန်း၊ သီတင်းကျွတ်ချိန်ခါ ကောင်းမြတ်လှသည့် မြန်မာ့ရိုးရာဓလေ့များအကြောင်းကို တင်ဆက်ထားသည့် "ဝါလကင်းလွတ် သီတင်းကျွတ်" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မည့် သချ်ာဉာဏ်စမ်းကဏ္ဍ၊ မိမိထက်နိမ့်ကျသောသူကို မည်သည့်အခါမျှ မောက်မာစွာမဆက်ဆံသင့်ကြောင်း ရေးဖွဲ့ထားသည့် "မြင်း၏နောင်တ" နှစ်မျက်နှာကာတွန်း၊ ပညာရှိထံ ချဉ်းကပ်အကြံပြုတောင်းခံရာက အသက်ဘေးက လွတ်မြောက်သွားသော ဇနီးမောင်နှံနှစ်ဦးအကြောင်းကို တင်ဆက်ထားသည့် "ပညာရှိကို ချဉ်းကပ်မိ၍သာ" ပုံပြင်ကဏ္ဍ၊ မုန့်ဖိုးအကြွေးထားခံလိုက်ရသော ဖိုးလုံးအကြောင်းကို ဟာသဖြစ်ဖွယ်တင်ဆက်ထားသည့် "သေပြီဆရာ" တစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် အနာဂတ်တွင် လူတော်လူကောင်း သားသမီးလိမ္မာလေးများဖြစ်ရန် မိတ်ဆွေကောင်းများကို ရွေးချယ်ပေါင်းသင်းတတ်ရမည်ဖြစ်ကြောင်း တင်ဆက်ထားသည့် "ဘယ်သူ့ကို မိတ်ဆွေဖွဲ့မလဲ" ဝတ္ထုကြက္ခာအပါအဝင် အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အာရှဖလားခြေစစ်ပွဲအတွက် ကာဂျစ္စတန်နိုင်ငံ၌ လေ့ကျင့်ပြင်ဆင်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ရန်အတွက် ကာဂျစ္စတန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ပြီး လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းတွင် ကာဂျစ္စတန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ညနေပိုင်းမှစတင်ကာ လေ့ကျင့်မှုပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ခြေစစ်ပွဲယှဉ်ပြိုင်ရမည့် ကာဂျစ္စတန်နိုင်ငံသို့ ကြိုတင်သွားရောက်ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကာလဖြစ်သောကြောင့် သတ်မှတ်ရက်ထက်စော၍ သွားရောက်ရခြင်းဖြစ်သည်။ မြန်မာအသင်းပါဝင်နေသည့် ခြေစစ်ပွဲ အုပ်စု (D) ပွဲစဉ်များကို အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကာဂျစ္စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့ရှိ DOLEN OMURZAKOV STADIUM ၌ ပြုလုပ်မည်ဖြစ်ပြီး မြန်မာ၊ ယူအေအီး၊ လက်ဘနွန်နှင့် ဂူအမ်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအုပ်စုအဖွင့်ပွဲအဖြစ် အောက်တိုဘာ ၁၈ ရက်တွင် လက်ဘနွန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ အားကစားသမားများအဖြစ် **ဂိုးသမား-** မေဇင်နွယ်၊ ဇူးလတ်နဒီ၊ ခိုင်ဇာဝင်း၊ **နောက်တန်း-** အေးအေးမိုး၊ ချစ်ချစ်၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ ခိုင်သဇင်၊ ဇွန်ယုယဦး၊ နန့်ဇူးဇူးထက်၊ **အလယ်တန်း-** သင်းသင်းယု၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ပို့ပို့ပြည့်မောင်၊ ဝင်းဝင်း၊ နော်ထက်ထက်ဝေ၊ ရွှေရည်ထွန်း၊ **ရှေ့တန်း-** ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်၊ ခင်မိုးဝေ၊ မြတ်နိုးခင်၊ ဂျူလိုင်ကျော်နှင့် မေဖူးကိုတို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**

## ဘိုကလေးမြို့နယ် မိန်းမလှကျွန်းကမ်းဘေးတွင် ကဏန်းထောင်သူတစ်ဦး မိကျောင်းဆွဲခံရ

**ဘိုကလေး အောက်တိုဘာ ၁၄**

ရေချိုရေငန်စပ် မိကျောင်းများ၏ ကျင်လည်ကျက်စားရာ နေရာဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ကမ်းဘေးတွင် အောက်တိုဘာ ၁၂ ရက် ညနေ ၅ နာရီခန့်က အမျိုးသားတစ်ဦး မိကျောင်းဆွဲခံရသည်။

ဖြစ်စဉ်မှာ ဘိုကလေးမြို့နယ် ဆတ်ကျွန်းကျေးရွာအုပ်စု ပဒဲကောကျေးရွာနေ စိုင်းခန့်ဇော် (၁၆ နှစ်)သည် ဦးလေးတော်စပ်သူများနှင့်အတူ ပဒဲကောကျေးရွာ တစ်ဖက်ကမ်းရှိ မိန်းမလှကျွန်း ဘေးတွင် ကဏန်းထောင်နေစဉ် အလျား ၁၂ ပေခန့်ရှိ မိကျောင်း ကိုက်ချီသွားခဲ့သဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာနေ ပြည်သူများက မိကျောင်းဆွဲခံရသူ ရုပ်အလောင်းအား လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။



အလားတူ လွန်ခဲ့သည့်တစ်လကျော်ခန့် ဩဂုတ် ၂၂ ရက်တွင်လည်း ဘိုကလေးမြို့နယ် သရော်ချောင်းကျေးရွာအုပ်စု ဘောဂဝတီကျေးရွာတွင် အမျိုးသမီးငယ်တစ်ဦး ရေချိုးရန် ရေခပ်နေစဉ် မိကျောင်းကိုက်ချီခံရ၍ သေဆုံးခဲ့ပြီး ဩဂုတ် ၃၀ ရက်တွင်လည်း ဘောဂဝတီချောင်းစပ်၌ မျိုးစပါးများအား ရေဆေးနေသည့် အမျိုးသားတစ်ဦး မိကျောင်းကိုက်ခံရကြောင်းလည်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ဘာစီလိုနာနှင့် အေစီမီလန်တို့ နွေရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လင်ဂတ်ကို ခေါ်ယူလို

ဘာစီလိုနာအသင်းနှင့် အေစီမီလန်အသင်းတို့သည် လာမည့်နွေရာသီတွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိနေသည့် အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဆီလင်ဂတ်ကိုခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ လင်ဂတ်သည် ပြီးခဲ့သည့်လက အိုးထရက်ဖို့ဒ်၌ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချထားသူဖြစ်သည်။

အသက် (၂၈ နှစ်)အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား လင်ဂတ်သည် လာမည့် ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပါဝင်ကစားခွင့်ရရှိရန်အတွက် စိတ်အားထက်သန်နေသူဖြစ်ရာ ၎င်းအနေဖြင့် အိုးထရက်ဖို့ဒ်တွင် ပုံမှန်ပွဲထွက်ခွင့်မရရှိပါက အသင်းပြောင်းရွှေ့ဖွယ်ရှိနေခြင်း ဖြစ်သည်။ လင်ဂတ်သည် ယခုနှစ်ရာသီတွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ကာရာဘောင်ဖလားပြိုင်ပွဲ၌ ပွဲထွက်ခွင့် တစ်ကြိမ်သာရရှိထားပြီး ကလပ်နှင့် နိုင်ငံအသင်းအတွက် ပွဲချိန်အများစုကို အရန်ခုံတွင် ကုန်ဆုံးစေခဲ့သည်။

နည်းပြ ဆိုးလ်ရှားသည် လင်ဂတ်ကို အိုးထရက်ဖို့ဒ်တွင်သာ ဆက်လက်ရှိနေစေလိုသော်လည်း မန်ယူအသင်းအနေဖြင့် အဆိုပါ ကစားသမားကို တိုးမြှင့်ကမ်းလှမ်းသွားမည်လား သို့မဟုတ် ဇန်နဝါရီ အပြောင်းအရွှေ့တွင် ရောင်းထုတ်သွားမည်လားဆိုသည်မှာ ကစားသမား၏ ဆုံးဖြတ်ချက်ပေါ်တွင်သာ မူတည်နေသည်။

လင်ဂတ်သည် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ပြင်ပကလပ်များနှင့် ဆွေးနွေးနိုင်မည်ဖြစ်ပြီး နာမည်ကြီး ဘာစီလိုနာနှင့် အေစီမီလန်အသင်းတို့က အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် စိတ်အားထက်သန်နေသည်။ ထို့ကြောင့် လင်ဂတ်အနေဖြင့် အိုးထရက်ဖို့ဒ်တွင် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်လား သို့မဟုတ် အသင်းပြောင်းရွှေ့သွားမည်လားဆိုသည်ကို စောင့်ကြည့်ရမည် ဖြစ်သည်။

လင်ဂတ်သည် မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၁၆ ပွဲပါဝင်ကစားထားပြီး ၃၅ ဂိုး သွင်းယူပေးထားသည်။ ဆိုးလ်ရှား၏ မန်ယူအသင်းသည် အောက်တိုဘာ ၁၆ ရက်တွင် လက်စတာအသင်းနှင့် ပရီမီယာ လိဂ်ပွဲစဉ် (၈) ကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၇) အပြီးတွင် ရမှတ် ၁၄ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေသည်။ **အောင်ဇော်**



ကွင်းလယ်ကစားသမား ဂျက်ဆီလင်ဂတ်။

# ဆိုင်ခန်းပေါင်း ၃၀၀ ကျော် ပါဝင်သည့် ပိုင်းမော်မြို့ အမှတ်(၂) ဈေးသစ်ကို စတင်ဖွင့်လှစ်

**မြစ်ကြီးနား အောက်တိုဘာ ၁၄**

ကချင်ပြည်နယ် ပိုင်းမော်မြို့၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ပြီးစီးသည့် အမှတ်(၂) ဈေးသစ်ဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက်က ပိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက် ဝါရှောင်သွားလမ်းမဘေးရှိ အဆိုပါ ဈေးသစ်အဆောက်အအုံနေရာ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။

ဈေးသစ်ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက အမှတ် (၂)ဈေးသစ် တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အမှတ် (၂) ဈေးသစ်ကို တာဝန်ယူ ဆောက်လုပ်ခဲ့သည့် မြစ်ကြီးနား ညီအစ်ကိုများ စပ်တူကုမ္ပဏီဥက္ကဋ္ဌ ဦးဇခုန်ယိန်းချမ်းက ဈေးသစ်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ် (၂) ဈေးသစ်ကို ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ယာယီ ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းဦး၊ ကုမ္ပဏီဥက္ကဋ္ဌ ဦးဇခုန်ယိန်းချမ်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဈေးသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမှတ် (၂)ဈေးသစ်အတွင်း တည်ဆောက်ပြီးစီးမှုများ၊ ပုံကျဈေးဆိုင်ခန်းများနှင့် ဈေးခေါင်းရုံး၊ မီးဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ပိုင်းမော်မြို့ အမှတ်(၂)ဈေးသစ်ကို မြို့၏လိုအပ်ချက်အရ ပိုင်းမော်- ဆဒုံး-ကန်ပိုက်တီလမ်းပေါ်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင်မြေ ၂ ဒသမ ၃၆၂ ဧကပေါ်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၂၅၀၈ ဒသမ ၁၆ သန်းဖြင့် ၂၀၂၀ မေလအတွင်းက စတင်တည်ဆောက်ခဲ့ကာ ပုံကျဈေးဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၃၀၀ ကျော် ပါဝင်သည့် တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**ပြည်နယ်**
**(မြန်/ဆက်)**



ဈေးသစ်အတွင်း ပြည်နယ်ဝန်ကြီးချုပ် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

## ပေါက်ခေါင်းမြို့၌ အောက်ဆီဂျင်စက်ရုံ ဖွင့်လှစ်

**ပေါက်ခေါင်း အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပေါက်ခေါင်းမြို့နယ် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူ အလှူရှင်များ၊ရပ်ဝေးရပ်နီးမှ အလှူရှင်များ စုပေါင်းလှူဒါန်းသည့် အောက်ဆီဂျင်ထုတ် စက်ရုံဖွင့်ပွဲကို ပေါက်ခေါင်းမြို့ ပြည်သူ့ဆေးရုံကြီးရှိ အဆိုပါစက်ရုံရှေ့၌ ယနေ့ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ အောင်မျိုးမြတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အောက်ဆီဂျင်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်ရုံမှ တစ်နေ့လျှင်လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၁၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အောက်ဆီဂျင် အသုံးပြုရန် လိုအပ်သည့်နေရာများသို့ အခမဲ့ဖြန့်ဝေလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအောင်(မြန်/ဆက်)**




ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

### မိဘများ ကြိုတင်ဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့်အချိန်တွင် မပျက်မကွက် ထိုးနှံရေး ပူးပေါင်းပါဝင်ရန်၊

၂။ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခမ်းခြင်းစသည့် လက္ခဏာများရှိပါက ကလေးများအား ကျောင်းသို့စေလွှတ်ခြင်းမပြုရန်၊

၃။ အုပ်ထိန်းသူသည် ကိုယ်အပူချိန်မြင့်မားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းများ ဖြစ်နေပါက ကျောင်းသို့လိုက်ပို့ခြင်းကို ရှောင်ကြဉ်ရန်၊

၄။ မိမိနှင့် မိမိသား၊ သမီးများ ကျောင်းသို့လာသည့် လမ်းတစ်လျှောက်တွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ရန်၊

၅။ ကျောင်းသို့လာချိန်တွင် ကြိုပို့ယာဉ်များ အသုံးပြုပါက (Mask)တပ်ဆင်ရန်၊ Air-con အသုံးပြုသောယာဉ်ဖြစ်ပါက ပြတင်းတံခါးများ ဖွင့်၍ စီးနင်းရန်၊

၆။ ပို့ဆောင်သူအချင်းချင်း ခပ်ခွာခွာနေပါ၊ အချင်းချင်း လက်ဆွဲနှုတ်ဆက်ခြင်း၊ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ရပါ၊

၇။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်း ခံယူရန်၊ ခပ်ခွာခွာနေရန်၊ တစ်စုံတစ်ခု ကိုင်တွယ်ပြီးတိုင်း လက်ဆေးရန်၊

၈။ ကျောင်းသားသူများ တစ်နေ့တာလိုအပ်မည့် အစာအာဟာရ(ထမင်း+မုန့်+ရေ)များကို ဖြစ်နိုင်လျှင် အိမ်မှစီစဉ်ပေးရန်၊

၉။ မိမိ၏သား၊ သမီးများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လိုအပ်သည့်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရန်၊

၁၀။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံး နှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊

၁၁။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ကျောင်းအုပ်ကြီး(သို့) ဆရာများသို့ တင်ပြရန်၊

## ခေါင်လန်ဖူးကားလမ်းမှ မငွေ့ဇတံတား တည်ဆောက်မှု ၇၇ ရာခိုင်နှုန်း ပြီးစီး

**မြစ်ကြီးနား အောက်တိုဘာ ၁၄**

ကချင်ပြည်နယ် နောင်မွန်မြို့နယ် မငွေ့ဇ-ခေါင်လန်ဖူးကားလမ်း မိုင်တိုင်အမှတ် ၀/၀ ကဆန်ခချောင်းပေါ်၌ မငွေ့ဇတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၁) တံတားအထူးအဖွဲ့(၁) မြစ်ကြီးနားက တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

တံတားအရှည်ပေ ၅၉၀ ဖြစ်ပြီး တံတားအမျိုးအစားမှာ အောက်ခံအုတ်မြစ် 2.4m Caisson foundation၊ တံတားကိုယ်ထည် သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့် ကွန်ကရစ်ရေလယ်တိုင်၊ တံတားအပေါ်ထည် Steel Plate Girder, R.C Girder & R.C.C Slab၊ ယာဉ်သွားလမ်း ၂၄ ပေ၊ ခွင့်ပြုအလေးချိန် ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။ တံတားတည်ဆောက်မှုခန့်မှန်းခြေတန်ဖိုးမှာ ငွေကျပ်သန်း ၃၆၇၀ ဖြစ်ပြီး ချဉ်းကပ်လမ်းတန်ဖိုးမှာ ငွေကျပ်သန်း ၁၅၀ ဖြစ်သည်။

တံတားစတင်တည်ဆောက်သည့်နေ့မှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၅ ရက်ဖြစ်ပြီး တံတားပြီးစီးမည့်နေ့မှာ ၂၀၂၂ ခုနှစ် မတ် ၃၀ ရက် ဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှုလုပ်ငန်း ၇၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။


ကချင်ပြည်နယ် ခေါင်လန်ဖူးကားလမ်း ကဆန်ခချောင်းပေါ်မှ တံတားအမှတ် (၂/၁) မငွေ့ဇတံတားသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ယခင်က ယင်းတံတားနေရာတွင် ဂျစ်ကားကူးကြိုးတံတားသာရှိပြီး ယခု မငွေ့ဇတံတား တည်ဆောက်ပြီးစီးပါက ပူတာအိုမှ ခေါင်လန်ဖူးသို့ မော်တော်ယာဉ်များ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည့် တံတားဖြစ်သည်။ **ခရမ်းစိုးမြင့်**



တည်ဆောက်ဆဲ မငွေ့ဇတံတား။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက တရားရုံးတွင် သမ္မတဟောင်း ဦးဝင်းမြင့်၏ ထွက်ဆိုချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

**ဖေဖော်ဝါရီလ ၁ ရက်နေ့က သမ္မတဟောင်း ဦးဝင်းမြင့်ကို ကျန်းမာရေးအရ နုတ်ထွက်ခိုင်းတယ်ဆိုပြီး တရားရုံးတွင် သမ္မတဟောင်း ဦးဝင်းမြင့်၏ ထွက်ဆိုချက်နှင့် ပတ်သက်၍ သတင်းများပျံ့နှံ့နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုကဲ့သို့ ရှင်းလင်းပြောကြားထားပါသည်-**




တရားရုံးမှာ ထွက်ဆိုတဲ့ တရားရုံးထွက်ဆိုချက် ဖြစ်ပါတယ်။ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးနဲ့ တာဝန်မှာလည်း လွတ်လပ်စွာ ထွက်ဆိုနိုင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး သူ့ရဲ့ပြောဆိုချက် အကြောင်း အရာတွေနဲ့ ပတ်သက်ပြီး ဘာမှမဝေဖန်လိုပါဘူး။ ဒါကတော့ သူ့ရဲ့တရားရုံးမှာရှိတဲ့ အခွင့်အရေးပဲ ဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာလည်း မှတ်တမ်းမှတ်ရာတွေရှိပါတယ်။ နောက် ဒုတိယ အချက်ပြောလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ အငြင်းပွားစရာရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၆၂ တို့၊ ၆၃ တို့မှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့သည် မည်သည့် လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရဆိုတဲ့ ဟာမျိုးတွေ၊ ဒါတွေရှိပါတယ်။ အဲဒီတုန်းက သမ္မတဟောင်း ဦးဝင်းမြင့်ကတော့ ရွေးကောက်ပွဲ ဝင်ပြီးတော့မှ အဲဒီချိန်မှာ လွှတ်တော်ကိုယ်စားလှယ် ဖြစ်နေတဲ့ အနေအထားလည်း ရှိတာပေါ့လေ။ ကျွန်တော် အဓိကပြောလိုတာက အဲဒါမဟုတ်ပါဘူး။ အဓိက ပြောလိုတာကတော့ ဥပမာပေးလိုတာက တော့ ကျွန်တော်တို့နိုင်ငံမှာ ၂၀၀၃ ခုနှစ်တုန်း ကလည်း နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်တစ်ဦးကို ထိန်းသိမ်းစဉ်ကလည်း ဒါထင်မြင်ချက်တွေ၊ ကောလာဟလတွေ အမျိုးမျိုးပျံ့နှံ့ခဲ့တာပေါ့။ ဒါပေမယ့် နောက်ပိုင်းမှာ Video မှတ်တမ်းလေး ထွက်လာတာရှိပါတယ်။ ကျွန်တော်တို့အားလုံး လည်း တွေ့ခဲ့၊ ကြည့်ခဲ့ရမှာ ဖြစ်ပါတယ်။ အခု ၂၀၂၁ ခုနှစ်ရှိနေပြီ။ ပိုမိုပြည့်စုံတဲ့ မှတ်တမ်းတွေ ရှိပါလိမ့် မယ်။ အချိန်တန်ရင်တော့ အဖြစ်အပျက်တွေ အဆက်အစပ်တွေကို အမှန်အတိုင်း တွေ့လာနိုင် လိမ့်မယ်လို့ ကျွန်တော်ပြောလိုပါတယ်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **(ယာပုံ)**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌ ၂၅ ဦး၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ၂၃၁၁ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ၁၄၂၃ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိမြို့နယ် ၁၄ မြို့နယ်တို့၌ ၃၄၁၂၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ၃၀၅၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ၂၈၀၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ၁၆၄၅၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ၇၂၃၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ၃၈၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ၆၄၃၂၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး မြို့နယ်သုံးမြို့နယ်တို့၌ ၁၇၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြောင်းမြတံတားလုပ်ငန်းတွင် ပါဝင်ခဲ့သောမြေများအတွက် လျော်ကြေးငွေကျပ်သိန်း ၂၈၀၀ ကျော် ပေးအပ်

**မြောင်းမြ အောက်တိုဘာ ၁၄**

မြောင်းမြတံတား တည်ဆောက်ရေးစီမံကိန်း ပေ ၃၀၀ အတွင်း ပါဝင်ခဲ့သော သိမ်းဆည်းခံမြေများ၏ မူလတောင်သူများသို့ မြေယာလျော်ကြေး သိန်းပေါင်း ၂၈၀၀ ကျော်ကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက အောက်တိုဘာ ၁၃ ရက်က ပေးအပ်သည်။



လျော်ကြေးငွေ ပေးအပ်ရာတွင် မြောင်းမြခရိုင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစန်းဌေးက လယ်ယာမြေများ လျော်ကြေးပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီးနောက် ကော်မတီဥက္ကဋ္ဌက တောင်သူ ဒေါ်သန်းသန်းအေးအား မြေ ၃ ဒသမ ၆၃ ဧက အတွက် ငွေကျပ် ၉၀၇၅၀၀၀၀၊ ဒေါ်စန်းအေးအား မြေ (၁ ဒသမ ၃၄၊ ၀ ဒသမ ၉၄၊ ၀ ဒသမ ၂၃)ဧက အတွက် ငွေကျပ် ၅၀၂ သိန်း၊ ဦးလှမျိုးကျော်အား မြေ ၁ ဒသမ ၄၅ ဧကအတွက် ငွေကျပ်သိန်း ၂၉၀ ကို လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မောင်မောင်ငြိမ်းက တောင်သူ ဒေါ်တင်တင်အေးနှင့် ဒေါ်ချိုပြုံး တို့အား မြေ ၄ ဒသမ ၃၅ ဧက အတွက် ငွေကျပ်သိန်း ၈၇၀၊ ဦးမြင့်သိန်းအား ၀ ဒသမ ၂၈ ဧက အတွက် ငွေကျပ် ၁၀၆၄၈၀၀၀ ကို လည်းကောင်း၊ အဖွဲ့ဝင် ဒုတိယရဲမှူးကြီး မောင်မောင်စိုးက တောင်သူ ဦးကြည်စိုး၏ အိမ်တစ်လုံးအတွက် ငွေကျပ် ၂၅၂၀၀၀၀၊ ဦးသန်းဝင်း ၏ မြေ ၀ ဒသမ ၁၂ ဧကအတွက် ငွေကျပ်၂၄ သိန်း ကိုလည်းကောင်း၊ အဖွဲ့ဝင်ဆရာကြီး ဦးဝင်းစိန်က တောင်သူ ဒေါ်ခင်ဆွေဦးအား မြေ ၀ ဒသမ ၂၄ ဧက အတွက် ငွေကျပ် ၄၈ သိန်း၊ ဒေါ်အေးသိန်းအား ၀ ဒသမ ၁၉ ဧကအတွက် ငွေကျပ်၃၈သိန်းကိုလည်းကောင်း၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းကတောင်သူဦးဇော်ထွန်းအား ၀ ဒသမ ၀၄ ဧက အတွက် ငွေကျပ်ရှစ်သိန်းကို လည်းကောင်း ပေးအပ်သည်။

**ခရိုင် (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် အောက်တိုဘာ ၁၄ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီခြောက်ခုမှ Betavit-Capsule ၂၄၃ ခု၊ AtinveJi Capsule ၃၅၄ ခု၊ Seroflo Inhaler Tablet ၁၄၉၉၄ခု၊ Udihep Tablet အခု ၃၀၀၀၀၊ Udihep Forte Tablet အခု ၆၀၀၀၊ Orgapen Injection အခု ၁၀၀၀၊ Rebocef-S Injection အခု ၁၀၀၀၀၊ Orgacef Injection အခု ၁၀၀၀၊ Endoclav- 625 Tablet အခု ၁၀၀၀၊ Lamipine-T Powder For Injection အခု ၅၄၀၊ Cefoperadox-Plus Injection အခု ၉၉၂၀၊ Rapid Testkit အခု ၅၀၀၀။

ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Plant ငါးခု၊ Oxygen Concentrator ၁၅၅ခု၊ Oxygen Regulator အခု ၄၀၀၊ Oxygen Cylinders အခု ၁၈၀၀၊ Oximeter အခု ၂၀၀၀၊ ဆေးဝါးမျိုးစုံ ၃၅ မျိုး ၄၆၉၅၅.၀၅ Kg။

နယ်စပ်(မြဝတီ၊ မူဆယ်၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ ခုနစ်ခုတို့မှ Liquid Oxygen ၁၅၄၂၀ $m^3$၊ Mask ၃၃၃၄၅ Kg၊ Glove ၁၀၀၇၃ Kg၊ Oxygen Generator သုံးခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကုလသမဂ္ဂအကြီးအကဲ ၂၀၂၂ ဘတ်ဂျက်အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂ ဘီလီယံတောင်းဆို


ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။

**ဂျီနီဗာ အောက်တိုဘာ ၁၄**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ၂၀၂၂ ဘတ်ဂျက်အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂ ဘီလီယံနီးပါး ကိုအောက်တိုဘာ ၁၃ ရက်က တောင်းဆိုလိုက်သည်။

မိမိတို့ကို အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည်ဖြစ်သောကြောင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၂ ဘီလီယံ လိုအပ်ကြောင်း ဘတ်ဂျက်ရေးရာစီမံခန့်ခွဲရေးဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ငါးကြိမ်မြောက်ကော်မတီတွင် ပြောကြားလိုက်သည်။

အဆိုပြု ဘတ်ဂျက်သည် အလုပ်ရာထူးနေရာ စုစုပေါင်း ၁၀၀၀၅ ခုကို လွှမ်းခြုံနိုင်မည်ဖြစ်သည် သို့မဟုတ် ၂၀၂၁ ခုတွင် တိုးလာသည့် အလုပ်ရာထူးနေရာ ၄၆ ခုကိုပါ လွှမ်းခြုံနိုင်မည်ဖြစ်သည်။

အလုပ်နေရာအများစုအတွက် ထပ်မံအသစ်တိုးလာသည့် အလုပ်ရာထူးနေရာ ၄၃ ခုသည် ပါလက်စတိုင်း ဒုက္ခသည်များကို ပညာရေး၊ ကျန်းမာရေးနှင့် အထွေထွေကူညီထောက်ပံ့ပေးရန် ကုလသမဂ္ဂ ဒုက္ခသည်ကယ်ဆယ်ရေးအေဂျင်စီအတွက်ဖြစ်ကြောင်း ၎င်းကပြောသည်။

၂၀၂၁ ခုနှစ်ကို ခက်ခဲမှုများနှင့် စတင်ခဲ့သော်လည်း ကုလသမဂ္ဂ၏ ငွေကြေးအခြေအနေသည် တိုးတက်ကောင်းမွန်လာခဲ့ကြောင်း ဂူတာရက်စ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာသတင်းတိုထွာ

**တရုတ်**

တရုတ်နိုင်ငံသည် နေစကြာဝဠာအဖွဲ့အစည်းလေ့လာရေး ဂြိုဟ်တုတစ်လုံးကို တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီးပြည်နယ်ရှိ တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အောက်တိုဘာ ၁၄ ရက် ဒေသ စံတော်ချိန် ညနေ ၆ နာရီ ๅ၁ မိနစ်တွင် လွှတ်တင်လိုက်သည်။

**ဗီယက်နမ်**

ဗီယက်နမ်နိုင်ငံတွင် အသက် ၁၂ နှစ်မှ ၁၇ နှစ်ရှိ ကလေးများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပေးခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၈၅၃၈၄၂ ဦးရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၅၇ ဒသမ ၅ သန်းရှိသည်။

**ရုရှား**

လာမည့်သီတင်းပတ်တွင် ကျင်းပမည့် မော်စကိုအစည်းအဝေးတွင် အာဖဂန် ပြန်လည်တည်ဆောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဦးစားပေးဆွေးနွေးမည်။

**အိန္ဒိယ**

အိန္ဒိယအစိုးရသည် မဂ္ဂါဝပ် ၁၀၀၀ ရှိသော ဘက်ထရီစွမ်းအင် သိုလှောင်ရေးစနစ်(ဘက်စ်)ကိုတပ်ဆင်ရန် စွမ်းအင်ရွေ့ပြောင်းစီမံချက်အတွက် အလားအလာရှိသော မိတ်ဖက်များကို အောက်တိုဘာ ၁၄ ရက်က ဖိတ်ခေါ်ခဲ့သည်။

**ထိုင်း**

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှုန်းများမြင့်တက်လာပြီး အားကောင်းသော ခုခံအားကွန်ရက်တစ်ခုကို တည်ဆောက်လာနိုင်သောကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကန့်သတ်ချက်များ ထပ်မံဖြေလျှော့ပေးခဲ့သည်။

**အင်ဒိုနီးရှား**

အင်ဒိုနီးရှား အပန်းဖြေကမ်းခြေတစ်ခုဖြစ်သည့် ဘာလီကို နိုင်ငံတကာ ခရီးသွားများအတွက် အောက်တိုဘာ ၁၄ ရက်က ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။



ဂျီ-၂၀ အဖွဲ့ဝင် နိုင်ငံ့အလံများကို တွေ့ရစဉ်။

# ဂျီ-၂၀ ဘဏ္ဍာရေးခေါင်းဆောင်များ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် ကတိပြု

**ဝါရှင်တန် အောက်တိုဘာ ၁၄**

စက်မှုထိပ်သီးနိုင်ငံများ (ဂျီ-၂၀ ) နိုင်ငံများမှ ဘဏ္ဍာရေးခေါင်းဆောင်များသည် ကမ္ဘာ့စီးပွားရေးဦးမော့လာမှုကို အန္တရာယ်ဖြစ်စေနိုင်သည့် ငွေကြေးဖောင်းပွမှုအပေါ် စိုးရိမ်နေချိန်တွင် ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ရိုက်ခတ်မှုများကိုလျှော့ချရန် သဘောတူခဲ့ကြသည်။

ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများသည် အောက်တိုဘာ ၁၃ ရက်က ဝါရှင်တန်တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးပြီးနောက် သတင်းတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဗဟိုဘဏ်များသည် လက်ရှိငွေကြေးဈေးကွက်များကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး လိုအပ်ပါက ငွေကြေးဖောင်းပွမှုကို လျှော့ချဖြတ်တောက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာခြင်းသည် စိတ်ချရသော အနေအထားဖြင့် ဆက်လက်တိုးတက်လျက်ရှိကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဆက်လက် ဖော်ပြထားသည်။

သို့သော်လည်း စီးပွားရေးဆောင်ရွက်ချက်များသည် အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်အောက်လွှတ်တော်ကို ဖျက်သိမ်း



**တိုကျို အောက်တိုဘာ ၁၄**

**အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်အောက်လွှတ်တော်ကို ဖျက်သိမ်းလိုက်သည်။ အောက်လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ပွဲအတွက် အခုလို ဖျက်သိမ်းလိုက်ခြင်းဖြစ်ကြောင်း အောက်တို ဘာ ၁၄ ရက်က ကြေညာလိုက်သည်။**

အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပရန် မျှော်လင့်ထားသည့် ရွေးကောက်ပွဲကျင်းပမည့်ရက် အတိအကျကို သတ်မှတ်ရန် အစိုးရအဖွဲ့များ ထပ်မံဆွေးနွေးမည်ဖြစ်သည်။

အောက်တိုဘာ ၁၉ ရက်တွင် ရွေးကောက်ပွဲ လှုပ်ရှားမှုများကို တရားဝင်စတင်မည်ဖြစ်သည်။ လေးနှစ်အတွင်း ပထမဆုံးအကြိမ် အောက်လွှတ်တော် ရွေးကောက်ပွဲဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို မည်သို့မည်ပုံ တုံ့ပြန်သွားမလဲဆိုသည့် ကိစ္စရပ်နှင့် စီးပွားရေးကို မည်သို့ပြန်လည်တည်ဆောက်သွားမလဲဆိုသည့် ကိစ္စရပ်များသည် ထိပ်ဆုံး ဦးစားပေးကိစ္စရပ်များဖြစ်သည်။

ဝန်ကြီးချုပ် ဖူမီယို ကီရှီးဒါး ကို ဂျပန်နိုင်ငံ၏ခေါင်းဆောင်အဖြစ် အောက်တိုဘာ ၄ ရက်က အတည်ပြုခဲ့သည်။ ဝန်ကြီးချုပ် အာဏာလွှဲပြောင်းရယူခြင်းနှင့် အောက်လွှတ်တော်ဖျက်သိမ်းခြင်းကြား အချိန်ကာလသည် ဒုတိယကမ္ဘာစစ်ပြီးခေတ်တွင် အတိုဆုံးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

ဂျပန်အောက်လွှတ်တော်အစည်းအဝေးကျင်းပစဉ်။

## အောက်တိုဘာ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၁၄ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃၃ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၂၅၅ ဦးရှိ

**(၁၄-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့်-

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၃-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၆၉၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် **(၁,၅၁၄)** ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၅၇၆,၁၁၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၈၄,၃၁၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၇၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၆,၆၄၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ရောဂါဖြင့် ထပ်မံသေဆုံးသူ **(၃၃)** ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၂၅၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၄-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၇၀)ခု | (၁၆၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၂)ခု | (၁၃)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၈၉)ခု | (၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄၁)ခု | (၁၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၅၇)ခု | (၄၅)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၄)ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၉၂)ခု | (၈၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၉၂၇)ခု | (၁,၁၈၆)ဦး |
| **စုစုပေါင်း** | (၁၈,၆၉၂)ခု | (၁,၅၁၄)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၄- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၅၄၈၇၁၉ | ၃၅၁၀၇၄၅၂ | ၇၃၉၇၈၃ |
| ၂။ | အိန္ဒိယ | ၃၄၀၂၀၇၃၀ | ၃၃၃၆၂၇၀၉ | ၄၅၁၄၆၉ |
| ၃။ | ဘရာဇီး | ၂၁၅၉၇၉၄၉ | ၂၀၇၄၀၂၆၇ | ၆၀၁၆၄၃ |
| ၄။ | ဗြိတိန် | ၈၂၇၂၈၈၃ | ၆၇၆၅၆၂၉ | ၁၃၈၀၈၀ |
| ၅။ | ရုရှား | ၇၈၉၂၉၈၀ | ၆၉၃၇၇၅၆ | ၂၂၀၃၁၅ |
| ၆။ | တူရကီ | ၇၅၄၀၂၂၃ | ၆၉၈၇၇၇၈ | ၆၆၈၄၁ |
| ၇။ | ပြင်သစ် | ၇၀၆၉၀၈၉ | ၆၈၆၀၅၄၉ | ၁၁၇၁၇၃ |
| ၈။ | အီရန် | ၅၇၅၄၀၄၇ | ၅၂၈၀၆၂၄ | ၁၂၃၄၉၈ |
| ၉။ | အာဂျင်တီးနား | ၅၂၆၈၆၅၃ | ၅၁၃၅၃၄၃ | ၁၁၅၅၈၂ |
| ၁၀။ | စပိန် | ၄၉၈၀၂၀၆ | ၄၈၂၃၂၃၅ | ၈၆၈၆၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၄- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၃၂၀၉၉ | ၄၀၆၉၃၉၉ | ၁၄၂၈၄၈ |
| ဖိလစ်ပိုင် | ၂၆၉၈၂၃၂ | ၂၅၇၃၁၆၁ | ၄၀၂၂၁ |
| မလေးရှား | ၂၃၆၁၅၂၉ | ၂၂၂၇၈၈၉ | ၂၇၅၉၃ |
| ထိုင်း | ၁၇၅၁၇၀၄ | ၁၆၂၅၇၅၀ | ၁၈၀၂၉ |
| ဗီယက်နမ် | ၈၅၃၈၄၂ | ၇၈၈၀၀၅ | ၂၀၉၅၀ |
| မြန်မာ | ၄၈၄၃၁၇ | ၄၃၆၆၄၀ | ၁၈၂၅၅ |
| စင်ကာပူ | ၁၃၅၃၉၅ | ၁၀၈၀၇၁ | ၁၉၂ |
| ကမ္ဘောဒီးယား | ၁၁၅၈၇၅ | ၁၀၉၆၅၅ | ၂၅၈၄ |
| လာအို | ၃၀၆၁၅ | ၂၃၄၇၇ | ၃၆ |
| ဘရူနိုင်း | ၉၈၂၈ | ၇၄၉၈ | ၆၇ |

# ကာကွယ်ဆေးထိုးနှံပြီးမှသာ ရောဂါကိုကာကွယ်ပြီးသားဖြစ်မှာပါ၊ ကျန်းမာရေးကောင်းမှ ကျန်းမာပျော်ရွှင်စွာနဲ့ ပညာကိုဆက်လက်သင်ကြားနိုင်မှာဖြစ်ပါတယ်

ဒေါ်ခင်စန်းမြင့်
(ကျောင်းအုပ်ဆရာမကြီး)

**"ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးထိုးကြပါစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာ ၁၂ ရက်မှ စတင်ကာ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်များ၌ ကျောင်းသား ကျောင်းသူများကို ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးနေမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၏စကားသံများကို ဖော်ပြလိုက်ပါသည်။**


ဦးမြင့်ဆောင်


ဒေါ်ခင်စန်းမြင့်


ဒေါ်ညွန့်ရွှေ


ဒေါ်ကြည်ကြည်ဌေး

**ဦးမြင့်ဆောင် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ လယ်ဝေးမြို့နယ်)**

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အနေနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ ၁၂ နှစ်နဲ့အထက် အလယ်တန်းနဲ့ အထက်တန်း ကျောင်းသား ကျောင်းသူတွေ ကာကွယ်ဆေးထိုးနှံနိုင်ဖို့အတွက် အခြေခံပညာအလယ်တန်းနဲ့ အထက်တန်းကျောင်းသား ကျောင်းသူစာရင်းကိုအခြေခံပြီး ကြိုတင်စာရင်းပြုစုခဲ့ပါတယ်။ လယ်ဝေးမြို့နယ်မှာ အ.ထ.က(၁)၊ အေလာတိုက်နယ်ဆေးရုံ၊ သာဝတ္ထိတိုက်နယ်ဆေးရုံ၊ အ.ထ.က(သပြေပင်)၊ အ.ထ.က(ကံသာ) စတဲ့ဆေးထိုးစုရပ် ငါးနေရာမှာ အောက်တိုဘာ ၁၂ ရက်ကစပြီး ထိုးနှံပေးနေပါတယ်။

ကာကွယ်ဆေးထိုးတဲ့အခါမှာ လွယ်ကူမြန်ဆန်စေဖို့ အ.ထ.က(၁)မှာ ဆေးထိုးအဖွဲ့ နှစ်ဖွဲ့နဲ့ ကျန်စုရပ်လေးခုမှာ တစ်ဖွဲ့စီတာဝန်ပေးထားပါတယ်။ ဒီစုရပ်တွေမှာ စာရင်းရေးသွင်းဖို့၊ ဆေးစစ်ဖို့၊ လုံခြုံရေးဆောင်ရွက်ဖို့တို့ကိုလည်း ပညာရေး၊ ကျန်းမာရေးနဲ့ လုံခြုံရေးတပ်ဖွဲ့တွေ ညှိနှိုင်းဆောင်ရွက်ထားပါတယ်။

ဒါ့အပြင် ကာကွယ်ဆေးထိုးနှံဖို့ မသင့်တော်တဲ့သူတွေထဲမှာ ဘယ်လိုလူတွေပါတယ်ဆိုတဲ့ အချက်အလက်တွေ၊ ကာကွယ်ဆေးကို ထိုးထားတဲ့အတွက်ရရှိမယ့် အကျိုးကျေးဇူးတွေကို ကျောင်းသား ကျောင်းသူတွေ၊ ကျောင်းသားမိဘတွေနဲ့ ပြည်သူတွေသိရှိစေဖို့ အသံချဲ့စက်နဲ့ ကြေညာတာ၊ လက်ကမ်းစာစောင်ဖြန့်ဝေတာတွေကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ တခြားဆက်စပ်ဌာနတွေ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။

**ဒေါ်ခင်စန်းမြင့်(ကျောင်းအုပ်ဆရာမကြီး၊ အ.ထ.က (၁) လယ်ဝေး)**

အသက် ၁၂ နှစ်နဲ့အထက် ကျောင်းသူ ကျောင်းသားတွေကို ဆေးထိုးမယ့် လုပ်ငန်းစဉ်တွေမှာ အခြေခံပညာကျောင်းနဲ့ ကိုယ်ပိုင်ကျောင်း ၄၀ ရဲ့ ကျောင်းစုရပ် ခေါင်းဆောင်အဖြစ် ကျွန်မတာဝန်ယူထားပါတယ်။ အခုအချိန်ကကျောင်းပိတ်ထားတော့ ကျောင်းသား ကျောင်းသူတွေကို ကာကွယ်ဆေးထိုးနှံပေးဖို့အတွက် ဖုန်းနဲ့ဆက်သွယ်ရတဲ့အတွက် နည်းနည်းအခက်အခဲ ရှိပါတယ်။ ဒီအခက်အခဲတွေကို ဆရာ ဆရာမတွေက ကြိုတင်ပြင်ဆင်ပြီး ဆောင်ရွက်ခဲ့တဲ့အတွက် အားလုံး အဆင်ပြေသွားပါတယ်။

ကာကွယ်ဆေး ထိုးနှံပေးတဲ့အခါမှာ ကျောင်းသား ကျောင်းသူတွေက ဆေးထိုးရမှာ ကြောက်တဲ့စိတ်နဲ့ အစာမစားခဲ့တာတွေကြောင့် အချို့ကျောင်းသားတွေမှာ နည်းနည်းခေါင်းမူးတာတွေ့ရတယ်။ သူ့တို့ကို စမ်းသပ်လိုက်တဲ့အခါမှာ သွေးပေါင်ချိန်နဲ့ သွေးအတွင်း အောက်ဆီဂျင်က ကောင်းတယ်။ ကြောက်တဲ့စိတ်ကြောင့် ဖြစ်တာပါ။ သူတို့ကို ၁၀ မိနစ်လောက် စောင့်ကြည့်တဲ့အခါ အားလုံးပုံမှန်အတိုင်း ပြန်လည်ကောင်းမွန်လာတာ တွေ့ရပါတယ်။ ကျောင်းမှာလည်း ကျောင်းသားတွေ အဆာပြေစားဖို့အတွက် စီစဉ်ပေးထားပါတယ်။ ဒီနေ့က ကာကွယ်ဆေး တတိယမြောက်နေ့ ဆက်ထိုးနှံတဲ့အခါမှာ ကျောင်းသား ကျောင်းသူတွေအပြင် အကြောင်းအမျိုးမျိုးကြောင့် ဆေးထိုးဖို့ကျန်ရှိတဲ့ ပြည်သူတွေကိုပါ ထိုးပေးနေတာကြောင့် ကျောင်းဝင်းထဲမှာ ပြည်သူတွေအတွက် ဆေးထိုးစင်တာနဲ့ ကျောင်းသားတွေအတွက် ဆေးထိုး စင်တာနှစ်ခု ဖြစ်သွားပါတယ်။

ကိုဗစ်–၁၉ ကာကွယ်ဆေးကို ထိုးနှံထားတာကအကောင်းဆုံးပါပဲ။ ကျွန်မတို့တွေ့ကြုံခဲ့ရတဲ့ ဝက်သက်ရောဂါ၊ ကျောက်ရောဂါတွေ ဖြစ်တုန်းကလည်း ကာကွယ်ဆေး ထိုးလိုက်တဲ့အခါမှာ အဲဒီရောဂါတွေ ပျောက်ကင်းသွားတာ တွေ့ရပါတယ်။ ကိုဗစ်–၁၉ ရောဂါစတင်ဖြစ်ပွားစဉ်က ရောဂါဖြစ်ပွားမှု အခြေအနေဆိုးခဲ့ပေမယ့် အခုချိန်မှာ ကာကွယ်ဆေးထိုးနှံပေးနေမှုကြောင့် ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုတွေ လျော့ကျသွားတာကို တွေ့ရပါတယ်။ ကာကွယ်ဆေးထိုးနှံပြီးမှသာ ရောဂါကို ကာကွယ်ပြီးသားဖြစ်မှာပါ။ ကျန်းမာရေးကောင်းမှ ကျန်းမာပျော်ရွှင်စွာနဲ့ ပညာကိုဆက်လက်သင်ကြားနိုင်မှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံပေးနေတဲ့အချိန်မှာ ကျောင်းသား ကျောင်းသူအားလုံးကို မိဘနဲ့ အုပ်ထိန်းသူတွေကလည်း ယုံကြည်ချက်အပြည့်နဲ့ ကာကွယ်ဆေး လာရောက်ထိုးနှံပေးကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဒေါ်ညွန့်ရွှေ (မိဘအုပ်ထိန်းသူ)**

ကျောင်းသား ကျောင်းသူတွေကို အခုလို ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပေးတာ ဝမ်းသာပါတယ်။ မိဘတွေအနေနဲ့ ကိုယ့်ကလေးကို ရောဂါကူးစက်မှာ အတိုင်းအတာတစ်ခုအထိ စိတ်ချသွားတာပေါ့။ ကလေးတွေ ကျောင်းမတက်ရတော့ စာလည်းနောက်ကျပါတယ်၊ အချိန်တွေအလဟဿ ကုန်ဆုံးကုန်တယ်။ အခုဆေးထိုးပြီးရင် ကျောင်းတွေပြန်တက်ရတော့မယ်။ ကျန်းမာရေးအတွက်လည်း စိတ်ချရပါပြီ။ ကျောင်းပြန်တက်ရရင်လည်း ပုံမှန်လုပ်နေကျ လက်ဆေးတာ၊ Mask တပ်တာတို့ကို ဆက်ပြီး ဂရုစိုက်ခိုင်းရမှာပါ။ ကျောင်းသားတွေ ကာကွယ်ဆေး ထိုးနှံပေးတာကို တခြား အိမ်နီးချင်းနိုင်ငံတွေမှာလည်း ထိုးနှံပေးနေတာကို သတင်းတွေကနေကြားသိရပါတယ်။

**ဒေါ်ကြည်ကြည်ဌေး (မိဘအုပ်ထိန်းသူ)**

ကျွန်မသမီးက အထက်တန်းကျောင်းသူပါ။ ကိုဗစ်ကာကွယ်ဆေး လာထိုးဖို့ အတန်းပိုင်ဆရာမက ဖုန်းဆက်ပြီးပြောပါတယ်။ ကိုယ့်ကလေးကျန်းမာရေးအတွက် ကာကွယ်ဆေးထိုးနှံပေးတာကို ကျေးဇူးတင်ရပါတယ်။ ကလေးတွေ စာသင်ခန်းနဲ့ဝေးကွာသွားရင် စိတ်လေသွားမှာ စိုးရိမ်တယ်။ ကာကွယ်ဆေးထိုးနှံပေးပြီးရင် ကျောင်းမြန်မြန် ပြန်ဖွင့်ပေးစေချင်ပါတယ်။ မိဘတွေအနေနဲ့ ပညာအမွေပေးတာက သားသမီးတွေအတွက် အကောင်းဆုံးလို့ မှတ်ယူထားပါတယ်။ ပညာရွှေအိုး လူမခိုးဆိုသလိုပေါ့၊ ပညာအမွေက ကလေးတွေ အနာဂတ်အတွက် အာမခံချက်ပေးနိုင်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးထိုးနှံပေးပြီး ကျောင်းတွေမြန်မြန် ပြန်ဖွင့်စေချင်ပါတယ်။

**မဟန်ဖူးပွင့်နိုင် (အလယ်တန်းကျောင်းသူ)**

သမီးက ၈ တန်း တက်နေတာပါ။ ဆေးမထိုးခင် သမီးတို့ကို ကာကွယ်ဆေးထိုးသင့်၊ မထိုးသင့် ကျန်းမာရေးစစ်ဆေးပေးပါတယ်။ အခုလို ဆေးထိုးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကာကွယ်ဆေး ထိုးနှံပြီး ကျောင်းပြန်တက်ရတော့မယ်ဆိုတော့ ဝမ်းသာပါတယ်။ ကျောင်းကသူငယ်ချင်းတွေနဲ့ ဆရာ ဆရာမတွေကိုလည်း အမြန်ဆုံး တွေ့ချင်လှပြီ။ ကာကွယ်ဆေးထိုးထားတဲ့အတွက် မိမိအပါအဝင် ပတ်ဝန်းကျင်ကသူတွေကိုလည်း ကာကွယ်ပြီးသား ဖြစ်မှာပါ။ ဒါကြောင့် ဆေးမထိုးရသေးတဲ့ သူငယ်ချင်းတွေနဲ့ ညီမလေး၊ မောင်လေးတွေကိုလည်း ကာကွယ်ဆေးထိုးနှံကြစေချင်ပါတယ်။

**မောင်ဝေလင်းပိုင် (အလယ်တန်းကျောင်းသား)**

ကျွန်တော်က ၈ တန်းကျောင်းသားပါ။ ကာကွယ်ဆေးထိုးပြီးပါပြီ။ ဆေးထိုးတာ နာကျင်မှုမရှိပါဘူး။ ကြော်ငြာထားတဲ့ ဗီနိုင်းတွေ၊ လက်ကမ်းစာစောင်တွေကတစ်ဆင့် ဆေးရဲ့ ဘေးထွက်ဆိုးကျိုးတွေကိုလည်း ဖတ်ရှုပြီးပါပြီ။ ကျွန်တော်တို့ ကျောင်းပြန်တက် ချင်နေပါပြီ။ အိမ်မှာစာတွေလေ့လာနေပေမယ့် မသိနားမလည်တာရှိရင် ဆရာ ဆရာမတွေကို စာမေးဖို့ အခက်တွေ့ပါတယ်။ ဆေးထိုးပြီးရင် ကျောင်းပြန်တက်ရတော့မယ်ဆိုတော့ ဝမ်းသာပါတယ်။


မဟန်ဖူးပွင့်နိုင်


မောင်ဝေလင်းပိုင်

**အင်တာဗျူး – ဟန်မင်း**
**ဓာတ်ပုံ – ကိုထိန်**

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

နိုင်ငံတော်အတွင်း၌ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့်အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်အိုးခွံ၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် အခြားဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများ၊ မူဆယ်၊ မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းသုံးခုတို့မှ တင်သွင်းရာ၌ကုမ္ပဏီငါးခုမှ ယာဉ်စီးရေ ၁၂စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်လေးစီး ၇၅ တန်၊ အောက်ဆီဂျင်(အိုးခွံ) အခု၁၈၀၀ ၊ Oxygen Plant ငါးခု၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် (Oxygen Generator)သုံးခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၅၅ ခု၊ Test Kit အခု ၅၀၀၀၀၊ လက်အိတ် ၃၃ တန်နှင့် နှာခေါင်းစည်း (Mask) ၃၃ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser ယာဉ်လေးစီးမှာ မူဆယ်မှ မန္တလေးမြို့သို့ သုံးစီးနှင့် မြဝတီမှ ရန်ကုန်မြို့သို့ တစ်စီးဖြစ်ပြီး Oxygen Plant ငါးခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်များ၌ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးဆက်လက်ထိုးနှံပေးမှုမြင်ကွင်းများ

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်များ၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို အောက်တိုဘာ ၁၂ ရက်ကစတင်၍ ထိုးနှံပေးခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးဆက်လက်ထိုးနှံပေးမှု မြင်ကွင်းများကို ဖော်ပြလိုက်ရပါသည်-



လယ်ဝေးမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။
သတင်းစဉ်



ဒက္ခိဏသီရိမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား တစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။
ထွန်းထွန်းဝင်း(ပြန်/ဆက်)



တပ်ကုန်းမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသူတစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။
တင်စိုးလွင်(ပြန်/ဆက်)




ပျဉ်းမနားမြို့နယ်တွင် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။
ဇော်ဖြိုး(ပြန်/ဆက်)



ဥတ္တရသီရိမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသူ တစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။
ခရိုင်(ပြန်/ဆက်)



ဇမ္ဗူသီရိမြို့နယ်တွင် ကျောင်းသားတစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။
မြို့နယ်(ပြန်/ဆက်)



ဇေယျာသီရိမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသူ တစ်ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။
အေးလင်းထွန်း(ပြန်/ဆက်)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တာချီလိတ်ခရိုင်အတွင်း အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူ ၄၄၉၉ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမည်

**ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် အခြေခံပညာကျောင်းများရှိ အသက် ၁၂ နှစ်အထက် ကျောင်းသားကျောင်းသူများအား ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ ခရိုင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းထားမှုကို ဖော်ပြလိုက်ပါသည်။**



ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်

**မေး ။ ။ တာချီလိတ်ခရိုင်အတွင်းရှိ အသက်(၁၂) နှစ်အထက်ကျောင်းသား ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရန်အတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေကို သိပါရစေရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့ခရိုင်မှာ တာချီလိတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းဖြတ်မြို့နယ် ရယ် ရှိပါတယ်။ အခြေခံပညာကျောင်းတွေ ပြန်လည်ဖွင့်လှစ်မှာဖြစ်တဲ့အတွက် အထက်တန်းနှင့် အလယ်တန်းအဆင့် အသက် ၁၂ နှစ်အထက် ကျောင်းသားကျောင်းသူများကို ကာကွယ်ဆေးထိုးနိုင်ဖို့ နိုင်ငံတော်ရဲ့ အစီအစဉ်အရ မြို့နယ်တိုင်းမှာ စီမံချက်တွေ ရေးဆွဲပြီး ဆောင်ရွက်ထားပါတယ်။ ဆေးထိုးဖို့အဖွဲ့တွေ၊ ကြီးကြပ်ရေးအဖွဲ့တွေကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူများရဲ့ စာရင်းတွေကိုလည်း ကြိုတင်ကောက်ယူထားပြီး ဖြစ်ပါတယ်။ ဆေးရောက်ပြီဆိုရင် စတင်ထိုးနှံနိုင်အောင် အားလုံးအဆင်သင့် ဖြစ်နေပါပြီ။

**မေး ။ ။ တာချီလိတ်ခရိုင်မှာ အသက် ၁၂ နှစ်အထက် ကာကွယ်ဆေးထိုးနှံပေးရမည့် ကျောင်းသားကျောင်းသူ ဦးရေစုစုပေါင်းဘယ်လောက်ရှိပါသလဲ။**

ဖြေ ။ ။ တာချီလိတ်မြို့နယ်မှာ အထက်တန်းကျောင်းသားဦးရေ၃၀၇ဦး၊ အလယ်တန်းကျောင်းသားဦးရေ ၁၈၂၆ ဦး စုစုပေါင်း ၂၁၃၃ ဦး ရှိပါတယ်။။ မိုင်းဖြတ်မြို့နယ်မှာဆိုရင် အထက်တန်းကျောင်းသားဦးရေက ၇၅၂ ဦး၊ အလယ်တန်းကျောင်းသားဦးရေ ၄၂၂ ဦး စုစုပေါင်း ၁၁၇၄ ဦး ရှိပါတယ်။ မိုင်းယောင်းမြို့နယ်မှာဆိုရင် အထက်တန်းကျောင်းသားဦးရေက ၁၇၅ ဦး၊ အလယ်တန်းကျောင်းသားဦးရေ ၁၀၁၇ ဦး စုစုပေါင်း ၁၁၉၂ ဦး ရှိပါတယ်။ တစ်ခရိုင်လုံး ပေါင်းလိုက်ရင် ကာကွယ်ဆေးထိုးနှံပေးရမည့် အသက် ၁၂ နှစ်အထက် ကျောင်းသားကျောင်းသူ ဦးရေ စုစု ပေါင်း ၄၄၉၉ ဦး ရှိပါတယ်။

**မေး ။ ။ ဆေးထိုးစုရပ်နေရာတွေ စီစဉ်ဆောင်ရွက်ထားမှုကိုလည်း သိပါရစေရှင့်။**

ဖြေ ။ ။ တာချီလိတ်မြို့နယ်မှာ အခြေခံပညာကျောင်း အထက်တန်း၊ အလယ်တန်း ဆေးထိုးမယ့် နေရာစုရပ် ၈ နေရာ၊ မိုင်းဖြတ်မှာစုရပ် ၁၄ နေရာ၊ မိုင်းယောင်းမှာစုရပ် ၈ နေရာ စုစုပေါင်း နေရာ ၃၀ မှာ ဆေးထိုးစုရပ်တွေ ဆောင်ရွက်ထားပါတယ်။ ဆေးထိုးနေရာအများစုက စာသင်ကျောင်းတွေမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကို ရပ်ကွက်ထဲမှာ စုစည်းမယ့်အစား စာသင်ကျောင်းထဲမှာ စုစည်းလို့ရှိရင် နေရာအကျယ်အဝန်း၊ သန့်ရှင်းသပ်ရပ်မှုအနေအထားရော၊ ကျန်းမာရေးအနေအထားအရရော အားလုံးအဆင်ပြေပါတယ်။ ဒါကြောင့် ဆေးထိုးစုရပ်အများဆုံးကို ကိုယ့်ကျောင်းနဲ့ ကိုယ်စုစည်းထားတာဖြစ်တဲ့အတွက် အဆင်ပြေအောင်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

**မေး ။ ။ ကာကွယ်ဆေးထိုးနှံရာမှာ အရေးပေါ် အခြေအနေဖြစ်လာခဲ့ရင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဘယ်လိုများ စီမံဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ။ ဆေးထိုးစုရပ်တွေမှာ ဆေးထိုးမည့်အဖွဲ့တွေကို စုဖွဲ့ထားရပါတယ်။ စုဖွဲ့တဲ့အချိန်ကတည်းက ဆေးထိုးစုဖွဲ့ အဖွဲ့ခေါင်းဆောင်က ဆရာဝန်တွေ၊ ကျန်းမာရေးမှူးတွေ ဖြစ်ပါတယ်။ တချို့နေရာမှာ တပ်မတော်သားဆေးမှူးတွေကို အကူအညီတောင်းခံပြီးတော့ ဆေးထိုးတဲ့ခေါင်းဆောင်အဖြစ် စီမံဖွဲ့စည်းထားပါတယ်။ ဆေးထိုးတာတို့၊ ဆေးပြင်တာတို့က သူနာပြုတွေ ဖြစ်ပါတယ်။ ဆေးထိုးအဖွဲ့တိုင်းမှာ ဆေးထိုးနှံပေးသူပါမယ်။ ဆေးပြင်ပေးသူပါမယ်။ ကျန်းမာရေး စစ်ဆေးပေးသူ၊ စာရင်းရေးသွင်းသူ၊ ကြိုဆိုနေရာချထားပေးသူပါမယ်။ ကျောင်းရဲ့ တာဝန်ခံပါမယ်။ ပညာရေးကိုယ်စားလှယ်တစ်ဦးပါမယ်။ အဲဒီလူတွေဟာ ဆေးထိုးအဖွဲ့တိုင်းမှာ စုဖွဲ့ပြီး ပါဝင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျန်းမာရေးကိစ္စတွေဖြစ်လာရင် ဆေးမထိုးခင်အချိန် ကျန်းမာရေးစစ်မယ်။ ဆေးထိုးပြီး ခေတ္တနားချိန်မှာ ထူးခြားမှုရှိရင်လည်းစစ်ဆေးကြည့်ရှုမယ်။ အဲဒါတွေအပြင် မြို့တိုင်းမှာ အရေးပေါ်အခြေအနေဖြစ်လာရင် အသုံးပြုနိုင်အောင် လူနာတင်ယာဉ်တွေ ပြင်ဆင်ထားပြီး ဆေးရုံကို ချက်ချင်းပို့နိုင်အောင် ဆေးထိုးစုရပ်တွေမှာ အဆင်သင့်ပြင်ဆင်ထားရှိမှာ ဖြစ်ပါတယ်။

**မေး ။ ။ ခရိုင်အုပ်ချုပ်ရေးမှူးအနေနဲ့ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းနဲ့ ပတ်သက်လို့ အကြံပြု စကားလေးလည်း ပြောကြားပေးပါ။**

ဖြေ ။ ။ စာသင်ကျောင်းတွေ ပြန်ဖွင့်တော့မယ်ဆိုရင် ကျွန်တော်တို့ရဲ့ သားငယ်သမီးငယ် ကျောင်းသား ကျောင်းသူများကို ကာကွယ်ဆေးထိုးနှံပေးဖို့ အဓိကလိုအပ်ပါတယ်။ လူအများနဲ့ ပူးပေါင်းပြီး စာသင်ရတာဖြစ်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းချမှတ်ထားတဲ့ SOP တွေကို လိုက်နာဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ဘက်က ဆေးထိုးမယ့်အဖွဲ့တွေ စီမံသလိုပဲ ဆေးထိုးတဲ့နေရာတိုင်းမှာ လုံခြုံရေးတွေလည်း ဖြည့်စွက်ဆောင်ရွက်ထားပါတယ်။ မိဘတွေကလည်း ကလေးတွေကို ကာကွယ်ဆေး ထိုးနှံပေးဖို့အတွက် အရေးကြီးတယ်ဆိုတာ အဓိကအလေးထားရမှာ ဖြစ်ပါတယ်။ မိဘပြည်သူများကို မေတ္တာရပ်ခံချင်တာကတော့ ကိုယ့်သားငယ်သမီးငယ်တွေကို ကိုဗစ်– ၁၉ ကူးစက်မြန်ရောဂါကင်းရှင်းဖို့ မိဘတွေကိုယ်တိုင် ဆရာ ဆရာမတွေ၊ ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးပါလို့ အကြံပြုနှိုးဆော်တိုက်တွန်းအပ်ပါတယ်ခင်ဗျာ။ ။

တွေ့ဆုံမေးမြန်းသူ–ဇင်ဇင်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၀-၂၀၂၂ သောကြာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | MRTV Travelogue |
| ၀၉:၀၀ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း(၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း |
| ၀၉:၄၀ | ငြိမ်းချမ်းရေးလက်မြဲမြဲဆက် |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဇီဝဗေဒဘာသာရပ်' |
| ၁၆:၃၅ | လူငယ်မျိုးဆက်သစ် အစီအစဉ် |
| ၁၇:၃၅ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သုတဝေဖြာ သီရိဂေဟာ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၁၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'သီတင်းကျွတ်အဝီ ချစ်သူသီ' ဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှု |
| ၂၂:၁၀ | မြန်မာ့ရုပ်ရှင်ဝုဏ်ပြုအစီအစဉ် 'မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်' (ရွှေရတုကာလ)(အပိုင်း-၂) |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Global Partnership For Brighter Future: Uganda Pavilion at Expo 2020 Dubai |
| 07:35 | Migadawon (Tekkatho Lei Lei) |
| 07:43 | Buddha Image Built Of Bamboo Strip |
| 08:01 | Skilful Marionette Performance of New Generation Artistes |
| 08:16 | The Golden Triangle |
| 08:30 | Traditional Myanmar Lanterns |
| 08:37 | Bago: A City Of Famous Historic Pagoda |
| 09:00 | Making a Living as Horticulturist |
| 09:14 | Mobile House |
| 09:25 | Tahbuhla Dam & Oakkan Chaungtha |
| 09:37 | Mosaic Painting (Precious Stones & Gems) |
| 09:53 | Traditional Snacks |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
အေးမြသောအရိပ်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
နေဗီယာပန်ချောင့်ဝမ်မြက်နှင့်မွေးမြူရေး

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၂)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
မန်ကျည်းပင်၏ကောင်းကျိုးများ

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ရောင်စုံမိးကြာခွက်လေးများ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြို့ပဒေသာ(မောင်သာလှနှင့်လည်လွန်းတဲ့ဘီး)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
သဘာဝကျောက်စက်ပန်းဆွဲများရှိရာဝက်ပါလိုက်ဂူ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ခေါင်လန်ဖူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငါကကိုသာချောင်နင်ကနစ်ခါပေါင်' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၁) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# "ရွှေမြန်မာအငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်




**နေပြည်တော် အောက်တိုဘာ ၁၄**

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ "ရွှေမြန်မာအငြိမ့်" ဖျော်ဖြေပွဲကို အောက်တိုဘာ ၁၆ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ စီစဉ်ပြီး ရွာစားကျော်နိုင်လင်းဗိုလ်(ဆိုင်း)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ဇာနည်အောင်၊ ရှေ့ထွက်မင်းသမီး မာလာမြင့်အောင်၊ လူရွှင်တော်များဖြစ်ကြသည့် အာဖြဲ၊ ရောင်နီ၊ ဝမ်းတူးနှင့် လမုန့်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၁၀ - ၂၀၂၂

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၅၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၈၃၅၀၀ |
| မန္တလေး ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၉၀၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၇၈၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၁၅/၁၄၅၀ ကျပ် | ၁၄၄၅/၁၄၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၂၀/၁၄၆၀ ကျပ် | ၁၄၆၀/၁၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၀၅/၁၄၃၅ ကျပ် | ၁၄၆၀/၁၅၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၄၀/၁၄၆၅ ကျပ် | ၁၅၅၀/၁၅၉၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၇၈ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၈၀ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၉၃ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၆ . ၆၁၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၅၆ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၂ . ၅၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၁ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၉၅၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၄၇ | ၁၂၉၃၆၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၂၆၂ | ၄၁၀၁၅၀၀ |
| MCB | ၇၇၀၀ | ၇၈၀၀ | ၁၇၇ | ၁၃၇၈၉၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၇၄ | ၁၉၉၈၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၃၀ | ၈၈၅၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃ | ၁၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လူငယ်တွေဖတ်သင့်သည့်စာပေ

စာချစ်သူ

**စကော့လူမျိုး ကမ္ဘာကျော်စာရေးဆရာကြီး သောမတ်ကာလိုင်း (Thomas Carlyle) က "အတ္ထုပ္ပတ္တိစာပေသည် ဖတ်ရှုစရာစာပေများတွင် ဖတ်ပျော်ဖွယ် အရှိဆုံးနှင့် အကျိုးအမြတ်အရှိဆုံး ဖြစ်သည်" ဟုဆိုသည်။**

> ❖ **ကမ္ဘာ့အလယ်တွင် နိုင်ငံမဲ့၊ တိုင်းပြည်မဲ့အဖြစ် မျက်နှာငယ်ရသည့်ဘဝမှ အစ္စရေးနိုင်ငံအဖြစ် ဖြစ်တည်ပေါ်ပေါက်လာစေရန် ရုန်းကန်ကြိုးပမ်းခဲ့ကြသော အစ္စရေးနိုင်ငံ၏ဖခင်ကြီး ဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယန်နှင့် အမျိုးသမီးဝန်ကြီးချုပ် ဂိုလ်ဒါမေယာတို့၏ ဆောင်ရွက်ချက်ဘဝအဖုံဖုံကို လေ့လာသိရှိပါမှ မြန်မာပြည်ကို လွတ်လပ်ရေးရရှိရန် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှေးဘိုးဘွားစဉ်ဆက်က ခေါင်းဆောင်များအပေါ် ချစ်ခင်လေးစားတန်ဖိုးထားတတ်ကြပါလိမ့်မည်**

အမေရိကန်စာရေးဆရာကြီး ရပ်ဝါလာဒိုအီမာဆန်(R.W. Emerson)ကတော့ "လူထူးလူချွန်တို့၏ တကယ့်ဘဝသည် သူတို့၏စာပေများနှင့်ဆောင်ရွက်ချက်များတွင်ရှိသည်"ဟု ဆိုပါသည်။

## လူထူးလူချွန်တို့၏ တကယ့်ဘဝ

လူထူးလူချွန်တို့၏ တကယ့်ဘဝကို သူတို့၏ စာပေများထဲမှတစ်ဆင့် ထဲထဲဝင်ဝင် ကျွန်တော် စတင်မိတ်ဆက်လေ့လာမိသည့် အချိန်ရယ်က ၁၉၈၀ ကျော် ဆယ်ကျော်သက်အရွယ်မှာဖြစ်သည်။ ထိုစဉ်က ရပ်ကွက်စာအုပ်အငှားဆိုင်ယဉ်ကျေးမှု အားအကောင်းဆုံးအချိန်ကာလဖြစ်သည်။

တစ်နေ့ ရပ်ကွက်စာအုပ်အငှားဆိုင်လေးမှာ စာအုပ်ရွေးရင်း ဥပဓိရုပ်က ခန့်ခန့်ထည်ထည်၊ ဂျစ်တိဂျစ်ကန် ပန်းချီရုပ်ပုံလွှာမျက်နှာဖုံးနှင့် စာအုပ်တစ်အုပ်ကို တွေ့လိုက်ရသည်။ ထိုစာအုပ်က ဆရာတက္ကသိုလ်စိန်တင်၏ "မုန်တိုင်းဗိုလ်ရဲဒင်"။ သမိုင်းနောက်ခံကား လွတ်လပ်ရေးကြိုးပမ်းမှု တော်လှန်ရေးကာလနှင့် လွတ်လပ်ရေးရပြီးစ သောင်းကျန်းမှုအန္တရာယ်မှ ကာကွယ်တားဆီးခဲ့သည့် ခေတ်ကာလတို့တွင် အတ္ထုပ္ပတ္တိရှင်ပါဝင်ခဲ့သော ဆောင်ရွက်ချက်များဖြစ်လေသည်။

ထို့ပြင် မုန်တိုင်းဗိုလ်ရဲဒင်၏ စရိုက်ဗီဇကိုလည်း ဆရာတက္ကသိုလ်စိန်တင်က အမိအရဖော်ကျူးထားပြန်သည်။ တော်လှန်ရေးကာလတွင် ရရှိခဲ့သည့် ငှက်ဖျားရောဂါ၏ အချိန်မှန်နှိပ်စက်မှုကို မခံစားနိုင်သည့်အဆုံး တစ်နေ့ဝယ် မုန်တိုင်းဗိုလ်ရဲဒင်သည် အဖျားရောဂါတက်နေချိန်တွင် မြစ်ကမ်းစပ်သို့ သွားရောက်ပြီး တစ်ကိုယ်လုံးရေဆင်းစိမ်ရာမှ ငှက်ဖျားရောဂါပျောက်ကင်းသွားသည့် ဖြစ်စဉ်လည်း ပါဝင်သည်။

မုန်တိုင်းဗိုလ်ရဲဒင်၏ မိုက်တိမိုက်ကန်း ထင်ရာဇွတ်လုပ်တတ်သောဗီဇကို လူငယ်ပီပီ ကျွန်တော် ကြိုက်သွားသည်။ ပြီးတော့ အတ္ထုပ္ပတ္တိစာပေကို ထိုစာအုပ်တစ်အုပ်တည်းနှင့် ကျွန်တော်စွဲလမ်းနှစ်သက်သွားသည်။

ထို့နောက် ထို့နောက်မှတော့ ဆရာတက္ကသိုလ်စိန်တင်၏ အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း၊ အောင်ဆန်းသူရိယဗိုလ်မှူးအေးချို၊ စောစံဖိုးသင် စသဖြင့်အတ္ထုပ္ပတ္တိစာပေကို လက်ထဲကမချတော့။

ဆက်လက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးကျော်ငြိမ်း၊ သခင်တင်မြ၏ ဘုံဘဝမှာဖြင့်၊ မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း စသည့်နိုင်ငံရေးအတ္ထုပ္ပတ္တိများ၊ တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသ၊ မဟာစည်ဆရာတော်ကြီး၊ ဘုန်းတော်ကြီး ဦးသီလ စသည့်ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများ၊ ဆရာကြီးရွှေဥဒေါင်း၏ "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ"၊ ဆရာသော်တာဆွေ၏ "ကျွန်တော့်ဘဝဇာတ်ကြောင်း" စသည်ဖြင့် အတ္ထုပ္ပတ္တိစာပေဝက်ပါထဲဝယ် တဝဲလည်လည် ဖြစ်ရတော့သည်။

ထိုမှတစ်ဆင့် ကမ္ဘာကို လှမ်းမျှော်ကြည့်မိပြန်တော့ မိုရှေဒါယန်၊ အန်ဝါဆဒတ်၊ မာရှယ်တီတိုး၊ ကစ်ဆင်ဂျာ၊ လင်ကွန်း၊ နစ်ဆင်၊ အိုက်စင်ဟောင်ဝါ၊ ကနေဒီ၊ ရီဂင်၊ ဂျော့ချ်ဘုရှ်(စီနီယာ)၊ ဒေးဗစ်ဘင်ဂူရီယန်၊ ဂိုလ်ဒါမေယာ၊ မာဂရက်သက်ချာ၊ ဟီလာရီကလင်တန်၊ ကွန်ဒိုလီဇာရိုက်စ်၊ ကိုးလင်းပါဝဲလ်၊ အင်ဒီရာဂန္ဒီ၊ ရာဂျစ်ဂန္ဒီ၊ မော်စီတုန်း၊ တိန့်ရှောင်ဖိန်၊ ကျန်ဇီမင်း၊ ဟူကျင်ထောင်း၊ ရှီကျင့်ဖျင်၊ အီမြောင်ဘတ် စသည့် ခေတ်အလိုက် ခေတ်ပြိုင် ကမ္ဘာ့ခေါင်းဆောင်များ၏ ကမ္ဘာ့ဇာတ်ခုံပေါ်မှ ဆောင်ရွက်ချက်များကို အတ္ထုပ္ပတ္တိစာပေများမှ တစ်ဆင့် လှမ်းမြင်တွေ့ခဲ့ရပြန်ပါသည်။

## အတ္ထုပ္ပတ္တိစာပေများ

ထိုသို့ဖတ်ရှုရာတွင် စကော့လူမျိုး ကမ္ဘာကျော်စာရေးဆရာကြီး သောမတ်ကာလိုင်းဆိုခဲ့သလို အတ္ထုပ္ပတ္တိစာပေများထဲက မည်သည့်အကျိုးအမြတ်တွေရရှိခဲ့ပါသနည်းဟုဆိုသော် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၏ "ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့" ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်မှရရှိခဲ့သည့် အတွေးအမြင်တစ်ခုကို ဖော်ပြလိုပါသည်။

"ဟိုင်နန်ကျွန်းစစ်သင်တန်းတွင် ကျွန်တော်တို့ လက်နက်စပြီးကိုင်ရသောနေ့ကို ကျွန်တော်တို့ အမှတ်ရနေ၏။ ကျွန်တော်တို့စစ်သင်တန်း စ၍ ဆင်းပြီး တစ်ပတ်ကြာသောအခါ လေးမိုင်မျှ ဝေးသော ဂျပန်ရေတပ်မှ ကျွန်တော်တို့ ကိုင်စွဲရမည့် လက်နက်သေတ္တာကြီးများကို ထမ်း၍ လက်နက်တိုက်သို့ သွင်းရ၏။ လက်နက်ကိုင်ရတော့မည်ဖြစ်၍ ကျွန်တော်တို့ ရဲဘော်များ ဝမ်းမြောက်နေကြ၏။ နောက်နေ့တွင် စစ်လေ့ကျင့်ခန်းဆင်းရန် စစ်သားတစ်ယောက်အဖြစ် ကိုယ်ပိုင်ကိုင်စွဲရမည့် ရိုင်ဖယ်သေနတ်များကို အခမ်းအနားဖြင့် လက်ခံယူရ၏။

ထိုနေ့ စစ်သင်တန်းမှခေတ္တရပ်ပြီး ရှိသမျှ ဝတ်ကောင်းစားလှများဝတ်ဆင်၍ လက်ခံရ၏။ အမဲဆီများပေကျံနေသော ချက်ကိုစလိုဗက်လုပ် ရိုင်ဖယ်နှင့်လှံစွပ်များကို အစီအစဉ်ဖြင့် တစ်ဦးစီ ခေါ်၍ပေး၏။ နေပူထဲတွင် တန်းစီ၍ အခမ်းအနားဖြင့် လက်ခံကြရ၏။

ကျွန်တော်သည် ပူအိုက်ပြီး ချွေးများစို့ရွှဲနေသည်ကိုဂရုမပြုနိုင်၊ လက်ထဲသို့ပထမဆုံးရောက်လာသော ရိုင်ဖယ်သေနတ်နှင့် လှံစွပ်တို့အပြင် ပခုံးကြိုးသိုင်းတို့ကို လက်နှစ်ဖက်နှင့်ကိုင်လျက် မိမိတန်းစီရာသို့ ပြန်ရပ်နေ၏။ ရဲဘော်များ မျက်လုံးများ ဝင်းတောက်နေကြ၏။ ပျော်ရွှင်နေကြ၏။ ကျွန်တော့်မှာ ဝမ်းသာခြင်း၊ တုန်လှုပ်ခြင်းဖြင့် ကတုန်ကယင်ဖြစ်ခဲ့၏။ ယင်းကို ယခုအထိ သတိရနေမိ၏။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့သည် နယ်ချဲ့လက်အောက်တွင် မြန်မာအမျိုးသားတို့၏ ပထမလက်နက်ကိုင်တပ်မတော်ကြီး(BIA)ကို စတင်ဖွဲ့စည်းသောနေ့ကြီးဖြစ်သည်။

ကျွန်တော်တို့သည် မြန်မာဘုရင်များလက်ထက်မှ ကိုလိုနီဖြစ်ခဲ့ရသော နှစ်ပေါင်း ၁၀၀ ခန့်အတွင်း အဆက်ပြတ်နေခဲ့သော မြန်မာအမျိုးသားတပ်မတော်ကြီးကို တည်ထောင်နိုင်ခဲ့ပြီ။ ကျွန်တော်တို့၏ လွတ်လပ်ရေးတိုက်ပွဲ နောက်ဆုံးအောင်ပွဲအတွက် လက်နက်ကိုင်တပ်ကြီး ထူထောင်မိကြပြီး မကြာမီ အောင်ပွဲရလိမ့်မည်ဟု မျှော်မှန်းကာ ကျွန်တော်တို့ များစွာကြည်နူးအားတက်မိကြသည်" ဟူသည့်အတိတ်က သမိုင်းမြင်ကွင်းတစ်ရပ်ကို ဖတ်ရှုလိုက်ရသည့် အခိုက်ဝယ် နယ်ချဲ့ဖြိတ်သျှလက်အောက်၌ လက်နက်ဟူ၍ အပ်တိုတစ်ချောင်းပင် ကိုင်ဆောင်ခွင့်မရှိသည့်အခြေအနေမှ မြန်မာ့လွတ်လပ်ရေးအတွက် မျိုးချစ်လူငယ် ၃၀ တို့က ဟိုင်နန်ကျွန်းတွင် ဂျပန်ထံမှ အပင်ပန်းအဆင်းရဲခံကာ ဗမာ့လွတ်မြောက်ရေး တပ်မတော် (BIA) မှသည် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ မျိုးချစ်တပ်မတော်၊ ပြည်သူ့တပ်မတော် စသဖြင့် အဆင့်ဆင့်ကြိုးပမ်းတည်ဆောက်ခဲ့ပြီး ယခုခေတ်မီ တပ်မတော်တစ်ရပ်အဖြစ် ကူးပြောင်းရပ်တည်လာမှုအပေါ် မြန်မာတို့တန်ဖိုးထားလေးစားမြတ်နိုးကြရပေမည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဟူသော အတွေးအမြင်များကို ဖြစ်ပေါ်စေသည်။

ကမ္ဘာ့အလယ်တွင် နိုင်ငံမဲ့၊ တိုင်းပြည်မဲ့အဖြစ် မျက်နှာငယ်ရသည့်ဘဝမှ အစ္စရေးနိုင်ငံအဖြစ် ဖြစ်တည်ပေါ်ပေါက်လာစေရန် ရုန်းကန်ကြိုးပမ်းခဲ့ကြသော အစ္စရေးနိုင်ငံ၏ဖခင်ကြီး ဝန်ကြီးချုပ် ဒေးဗစ်ဘင်ဂူရီယန်နှင့် အမျိုးသမီးဝန်ကြီးချုပ် ဂိုလ်ဒါမေယာတို့၏ ဆောင်ရွက်ချက်ဘဝအဖုံဖုံကို လေ့လာသိရှိပါမှ နှစ်ပေါင်း ၁၀၀ ကျော် နယ်ချဲ့ဗြိတိသျှလက်အောက်တွင် ကျွန်သပေါက်ဘဝဖြင့် နေခဲ့ရသည့် မြန်မာပြည်ကို လွတ်လပ်ရေးရရှိရန် သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှေးဘိုးဘွားစဉ်ဆက်က ခေါင်းဆောင်များအပေါ် ချစ်ခင်လေးစားတန်ဖိုးထားတတ်ကြပါလိမ့်မည်။ အမိမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို အလေးထား ထိန်းသိမ်းကာကွယ်နိုင်ကြပေလိမ့်မည်။

## တရုတ်နိုင်ငံ၏ ခေါင်းဆောင်ကြီးများ

အိမ်နီးချင်းတရုတ်နိုင်ငံ၏ အစဉ်အဆက် ခေါင်းဆောင်ကြီးများဖြစ်ကြသော မော်စီတုန်း၊ တိန့်ရှောင်ဖိန်၊ ကျန်ဇီမင်း၊ ဟူကျင်ထောင်းနှင့် လက်ရှိ ရှီကျင့်ဖျင်တို့၏ အတ္ထုပ္ပတ္တိစာပေများကို ဖတ်ရှုပါမှ ပစ္စက္ခအင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာသော တရုတ်ပြည်ကြီး၏ အဆင့်ဆင့် တိုးတက်ပြောင်းလဲမှုအပေါ် ဆဝါးသိမြင်နိုင်ပေမည်။

တရုတ်ပြည်ကြီး၏ ပြုပြင်ပြောင်းလဲရေးဗိသုကာ တိန့်ရှောင်ဖိန်၏ ရှင်းလင်းပြတ်သားပြီး လက်တွေ့ဆန်သော အတွေးအခေါ် သဘောတရားရေးရာအမြင်တို့ကလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော နိုင်ငံတော်သစ်တည်ဆောက်ရေးကို ရည်မှန်းချက်ပန်းတိုင်အဖြစ် ကိုင်စွဲထားသည့် အမိမြန်မာနိုင်ငံတော်ကြီး၏ မျိုးဆက်သစ်ခေါင်းဆောင်များအတွက် တန်ဖိုးရှိလှသောအတွေ့အကြုံကောင်းများ၊ သင်ခန်းစာများဖြစ်ပေသည်။

၁၉၈၉ ခုနှစ် နွေဦးနှင့် နွေရာသီစပ်ကူးမပ်ကူးကာလတွင် ဖြစ်ပေါ်ခဲ့သည့် ထျန်းအန်းမင်အရေးအခင်းနှင့်ပတ်သက်၍ တိန့်ရှောင်ဖိန်က "တရားကအလွန့်ကို ရိုးရိုးရှင်းရှင်းလေးပါ။ တရုတ်ပြည်ဟာ လူဦးရေဒီလောက်များပြီး အခြေခံက နည်းပါးလွန်းလှတယ်။ တည်ငြိမ်စည်းလုံးညီညွတ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်မရှိရင် တည်ငြိမ်တဲ့ လူမှုရေးအခြေအနေလည်း ရှိမှာမဟုတ်ဘူး။ ဘာမှလည်း လုပ်လို့ဖြစ်လာမှာမဟုတ်ဘူး။ လုပ်လို့ဖြစ်တဲ့တိုင် ရလာတဲ့ အသီးအပွင့်အားလုံးလည်း ဆုံးရှုံးသွားလိမ့်မယ်။ တည်ငြိမ်ရေးက အရာရာကို လွှမ်းမိုးထားတယ်"ဟု ပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် "ဒီနေ့ ဒီအပိုင်းက လူတွေက လမ်းပေါ်တက်လိုက်၊ နောက်တစ်နေ့ ဟိုအပိုင်းက လူတွေက လမ်းပေါ်ထွက်လိုက်၊ တရုတ်ပြည်မှာ လူသန်း ၁၀၀၀ ရှိတယ်။ တစ်နှစ်မှာ ရက်ပေါင်း ၃၆၅ ရက်ရှိနေတာ နေ့တိုင်းပြဿနာရှိနေမယ်ဆိုရင် နေထိုင်မှုဘဝတွေကို ကျော်ဖြတ်နိုင်ပါ့မလား။ ဘယ့်နှယ်လုပ် ကိုယ်အားဉာဏ်အားထုတ်တည်ဆောက်ရေးတွေ လုပ်နိုင်ပါ့မလဲ။ ဒါကြောင့် ခင်ဗျားတို့ထောင့်ကနေ တရုတ်ပြည်ပြဿနာတွေကို ကြည့်လို့မဖြစ်နိုင်ဘူး။ တရုတ်ပြည်ရဲ့အဓိကရည်မှန်းချက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်နောက်ကျမှုက ရုန်းထွက်ရေး၊ နိုင်ငံတော်ရဲ့အင်အားတိုးတက်လာစေရေးဖြစ်တယ်။ ပြည်သူလူထုနေထိုင်စားသောက်မှုဘဝ ပြည့်စုံကုံလုံလာစေရေးဖြစ်တယ်။ ဒီလိုကိစ္စတွေကို ဆောင်ရွက်ဖို့ဆိုရင် တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်ရှိရမယ်။ တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်မရှိရင် ဘာကိစ္စမှလုပ်လို့မရနိုင်ဘူး"ဟူ၍လည်း ထောက်ပြခဲ့ဖူးသည်။

တိန့်က ဥက္ကဋ္ဌကြီးမော်နှင့်ပတ်သက်၍ ၁၉၈၀ ပြည့်နှစ် ဩဂုတ်လတွင် အီတလီသတင်းထောက် အိုရီယာနာဖလက်စီနှင့် တွေ့ဆုံမေးမြန်းခန်း၌ "မော်စီတုန်းရဲ့ စွမ်းဆောင်အောင်မြင်ချက်တွေဟာ ပထမနေရာမှာရှိပြီး သူ့ရဲ့အမှားတွေဟာ ဒုတိယနေရာမှာသာ ထားရမှာပါ"ဟု အကဲဖြတ်ပြောဆိုခဲ့သည်။

ဆက်လက်၍ တိန့်က "သူဟာ တရုတ်ပြည်ကွန်မြူနစ်ပါတီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို အဓိကထူထောင်ခဲ့သူဖြစ်တယ်။ တရုတ်ပြည်သူတွေအတွက် သူလုပ်ဆောင်ခဲ့တဲ့ကိစ္စတွေကို ချေဖျက်ပစ်လို့ မဖြစ်နိုင်ပါဘူး။

*စာမျက်နှာ ၂၁ သို့*

## ၂၀၂၁ ခုနှစ် အောက်တိုဘာလထုတ် သုတပဒေသာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "သိမှတ်စရာ ရှေးဦးသူနာပြုစုခြင်းပညာ" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (အောက်တိုဘာလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆရာဝန် မင်းသိုက်၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့၏ "သိမှတ်စရာ ရှေးဦးသူနာပြုစုခြင်းပညာ" မျက်နှာဖုံးဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၊ ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)၊ အေးထွန်းမင်း၊ ခင်မောင်ခြိမ့်တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ အောင်မြတ်စည်သူ၊ ထီလာစိုးမြင့်ထယ်တို့၏ စီးပွားရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ကြည်လွင်ဦး (ရေနံ) ၏ လူကုန်ကူးမှုဆိုင်ရာ ဆောင်းပါး၊ နေညိုယဉ်၊ ဒေါက်တာ မြင့်သန်း (သန္ဓေသား)၊ ချိုးငှက် (သံတွဲ)၊ ဝင်းထွန်းဦးတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ ရဲထက်ဇော်၊ ဒေါက်တာ ကောင်းစံတို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ကျော်ဝင်းဟိန်း (ပခုက္ကူ)၊ ဘူမိလုလင်၊ ဆောင်းဝင်းလတ်၊ ညီမော်သိမ်း၊ ဒေါက်တာ လွင်သန့်၊ မြတ်လေးမြင့်၊ စိန်ဝင်းမော်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၃၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## မိုင်းပျဉ်းမြို့အဝင် စစ်ဆေးရေးဂိတ်၌ နေ့စဉ် ကိုဗစ်-၁၉ စစ်ဆေးနေ

**မိုင်းပျဉ်း အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် မြို့အဝင် ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ ခရီးသွားများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယရှိသဖြင့် လာရောက်စစ်ဆေးခံသူများအား RDT Test Kit ဖြင့် နေ့စဉ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

မြို့အဝင် ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်သည် တောင်ကြီး-မိုင်းပျဉ်း-ကျိုင်းတုံ ပြည်ထောင်စုလမ်းမပေါ်တွင် တည်ရှိပြီး တောင်ကြီးဘက်မှလာသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသွားပြည်သူများအား ခရီးသွားရာဇဝင်များ စစ်ဆေးခြင်း၊ ကိုယ်ပူချိန်တိုင်းတာခြင်း၊ ကိုဗစ်-၁၉ ရောဂါပိုးမရှိကြောင်း စစ်ဆေးပြီးသည့် ထောက်ခံချက်ပါ/မပါ စစ်ဆေးခြင်းနှင့် မပါရှိပါက RDT Test Kit ဖြင့် စစ်ဆေးပေးပြီး ရောဂါပိုး မတွေ့ရှိမှသာ လိုရာခရီးကို ဆက်လက်သွားလာခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးဂိတ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေး၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့်ဌာနဆိုင်ရာ ဝန်ထမ်းများပူးပေါင်းပါဝင်ပြီး နေ့စဉ်ပိတ်ရက်မရှိ နံနက် ၆ နာရီမှ ည ၈ နာရီအထိ စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## သံတွဲမြို့နယ်နှင့် ငပလီမြို့၌ စက်သုံးဆီများ ဈေးနှုန်းချိုသာစွာ ရောင်းချ

**ငပလီ အောက်တိုဘာ ၁၄**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်နှင့် ငပလီမြို့တို့တွင် စက်သုံးဆီများ အဆမတန် ဈေးတက်လာမှုကြောင့် အသေးစား၊ အလတ်စား လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် လုပ်ငန်းအချို့ လည်ပတ်နိုင်မှုမရှိဘဲ ရပ်နားထားရသလို သုံးဘီးဆိုင်ကယ် အငှားယာဉ်မောင်းနှင်နေသူများအနေဖြင့် ယာဉ်စီးခနှုန်းထားများကို သတ်မှတ်နှုန်းထားထက် တိုးမြှင့်ကောက်ခံလျက်ရှိသည်။

သံတွဲမြို့နယ်တွင် ယခင်က စက်သုံးဆီ အောက်တိန်း(92) တစ်လီတာ ငွေကျပ် ၁၂၀၀ ရှိခဲ့သော်လည်း ယခုအခါ အောက်တိန်း (92) တစ်လီတာကို ၁၅၇၅ ကျပ်နှင့် အောက်တိန်း(95) တစ်လီတာကို ယခင်က ငွေကျပ် ၁၃၀၀ မှ ၁၆၄၅ ကျပ်အထိ ဈေးတက်လာမှုကြောင့် အသေးစား၊ အလတ်စား လုပ်ငန်းရှင်များနှင့် သုံးဘီး အငှားယာဉ်မောင်းနှင်သူများ အဆင်ပြေစေရန်အတွက် သံတွဲမြို့ ကျော်ဇင်စက်သုံးဆီ အရောင်းဆိုင်နှင့် နန်းချောင်းကျေးရွာရှိ စင်တော်ကောက်စက်သုံးဆီ အရောင်းဆိုင်များတွင် စက်သုံးဆီ အောက်တိန်း(92) တစ်လီတာကို ၁၁၈၇ ကျပ်၊ ဒီဇယ် တစ်လီတာကို ၁၁၇၇ ကျပ်၊ ပရီမီယမ်ဒီဇယ် တစ်လီတာကို ၁၁၈၄ ကျပ် သတ်မှတ်ဈေးနှုန်းများဖြင့် နိုင်ငံတော်ဗဟိုဘဏ်၏ အစီအစဉ်အတိုင်း ရောင်းချပေးနေခြင်း ဖြစ်သည်။

သုံးဘီး ဆိုင်ကယ်မောင်းနှင်သူတစ်ဦးက "စက်သုံးဆီဈေးတွေ ဈေးနှုန်း ချိုသာစွာ ရောင်းချနေတဲ့ဆိုင်တွေ ရှိလာတဲ့အတွက် ယာဉ်စီးခကိုလည်း တိုးမြှင့်ကောက်ခံစရာ မလိုတော့ဘူး။ သတ်မှတ်ယာဉ်စီးခ တောင်းခံတဲ့အတွက် ဝင်ငွေတွေလည်း ပုံမှန်ရရှိနေပါပြီ" ဟု ပြောသည်။

**ရန်ငြိမ်း**

*စာမျက်နှာ ၂၀ မှ*

ကျွန်တော်တို့ တရုတ်ပြည်သူတွေရဲ့ စွဲလမ်းစိတ်၊ သံယောဇဉ်တွေက အစချီပြောရရင်တော့ သူ့ကို ကျွန်တော်တို့ပါတီနဲ့ နိုင်ငံတော်ကိုထူထောင်ခဲ့သူအဖြစ် အထိမ်းအမှတ်ပြုနေရမှာပါ။ သူဟာ ပါတီနဲ့ နိုင်ငံတော်ကို အကျပ်အတည်းများအတွင်းမှာ အကြိမ်ပေါင်းများစွာ ကယ်တင်ခဲ့ပါတယ်။ ဥက္ကဋ္ဌမော်သာမရှိရင် ကျွန်တော်တို့တရုတ်ပြည်သူတွေဟာ အမှောင်ထုအတွင်း ပိုကြာကြာစမ်းတဝါးဝါးနဲ့ လျှောက်လှမ်းနေရဦးမှာပါ"ဟု ဆိုသည်။

တိန့်၏ ဆိုခဲ့ပါဦးနှောက်သာမက နှလုံးသားကြီးမှု၊ သဘောထားကြီးမားမှုသင်္ကေတတို့ကို မြန်မာလူငယ်မောင်မယ်များ အတ္ထုပ္ပတ္တိစာပေထဲက တစ်ဆင့် လှမ်းမြင်တွေ့နိုင်ပေသည်။

အင်္ဂလန်နိုင်ငံ ဂရန်သမ်မြို့ကလေး၏ ပွဲတော်တစ်ခုတွင် ကဗျာရွတ်ဆိုပြိုင်ပွဲ၌ ကိုးနှစ်သမီး ကလေးတစ်ဦး ပထမဆုဆွတ်ခူးရရှိခဲ့သည်။

သူကလေး၏ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ဝမ်းသာအားရချီးကျူးစကား ပြောဆိုသည်။

"သမီး ကံကောင်းတယ်နော်၊ သမီး ခုလိုဆုရတာ ဆရာမကြီး သိပ်ဝမ်းသာတာပဲ"

ကိုးနှစ်သမီးလေးက ချက်ချင်းပြန်ပြောလိုက်သည်မှာ -

"ကံကောင်းလို့မဟုတ်ပါဘူး ဆရာမကြီးရှင့်၊ သမီးနဲ့ထိုက်တန်လို့ ဆုရတာပါ ဆရာမကြီး၊ ကံကောင်းလို့ရတာမဟုတ်ပါဘူး"

ကိုးနှစ်သမီးလေး၏အဖြေကို ဆရာမကြီးက ချက်ချင်းနားလည်သွားသဖြင့် ပျာပျာသလဲပြောလိုက်ရသည်။

"ဩော် ... ဟုတ်တာပေါ့၊ သမီးတော်လို့ဆုရတာပေါ့။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

ထိုကိုးနှစ်သမီးလေးကား အခြားသူမဟုတ်။ နောင်နှစ် ၄၀ ခန့်အကြာတွင် ဗြိတိန်နိုင်ငံကြီး၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာမည့် မာဂရက်သက်ချာပေတည်း။

တောက်မည့်မီးခဲ အရှိန်နှင့်ရဲရဲဆိုသလို သက်ချာသည် ငယ်စဉ်ကတည်းက "ဇ" ကလေးကို ပြခဲ့လေသည်။ ထိုအရွယ်ကတည်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိခဲ့ပါသည်။

ဆယ်ကျော်သက်အရွယ် မြန်မာအမျိုးသမီးငယ်တွေ ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ၊ အစ္စရေး ဝန်ကြီးချုပ် ဂိုလ်ဒါမေယာ၊ အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် ကွန်ဒိုလီဇာရိုက်စ်တို့၏ ထိုထိုသော ကိုယ်ရေးအတ္ထုပ္ပတ္တိများကို ဖတ်ရှုခဲ့ကြပြီးပြီလား။

ဆယ်ကျော်သက်အရွယ် မြန်မာအမျိုးသားလူငယ်များသည်လည်း ထိုထိုသော ပြည်တွင်း၊ ပြည်ပ နိုင်ငံ့ခေါင်းဆောင်များ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများကို ဖတ်ရှုခဲ့ကြပြီးပြီလား။

မဖတ်ကြရသေးလျှင်ဖြင့် ထိုထိုသော အတ္ထုပ္ပတ္တိစာပေလက်ရာမွန်များကို လက်လှမ်းမီသမျှ ဖတ်ရှုလေ့လာစေချင်ပါသည်။ အနာဂတ် နိုင်ငံတော်၏ကံကြမ္မာသည် မြန်မာလူငယ်မောင်မယ်တို့၏လက်ထဲတွင် ရှိနေပါသည်။ မြန်မာလူငယ်မောင်မယ်တို့ ဗဟုသုတအဖြာဖြာ ပညာပြည့်ဝနှလုံးလှမှ အနာဂတ်နိုင်ငံတော်သည် သာယာလှပနိုင်ပေလိမ့်မည်။

သို့ဖြင့် လူထူးလူချွန်တို့၏ တကယ့်ဘဝနှင့် ဆောင်ရွက်ချက်များကို လေ့လာသိရှိနိုင်ရန်အတွက် ဖတ်ရှုစရာစာပေများတွင် ဖတ်ပျော်ဖွယ်အရှိဆုံးနှင့် အကျိုးအမြတ်အရှိဆုံး အတ္ထုပ္ပတ္တိစာပေများကို မောင်တို့မယ်တို့ လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါ၏။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဂ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဃ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (င) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (စ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း (မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းပစ္စည်း(ကတ္တရာ၊ ဒီဇယ်ဆီနှင့် ကျောက်အရွယ်စုံ စသည့်)များအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ လိုအပ်သည့် လမ်းခင်းပစ္စည်း အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) **လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၂-၁၀-၂၀၂၁ရက် (သောကြာနေ့)

(ခ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၅-၁၁-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၁၆-၁၁-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီ

(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ နေပြည်တော်(စီလမ်းဆုံ)

**တင်ဒါစိစစ်ရေးကော်မတီ**
ဖုန်း-၀၉-၂၅၀၉၀၂၀၀၄

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး
## ချင်းပြည်နယ်၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ချင်းပြည်နယ်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးနှင့် တီးတိန်မြို့နယ်တို့တွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်(အောက်တိုဘာလမှ မတ်လအထိ) ပြည်နယ်ဘဏ္ဍာရန်ပုံငွေ(ငွေလုံးငွေရင်း) ဖြင့် အောက်ဖော်ပြပါအဆောက်အဦ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တည်နေရာ | အမျိုးအစား |
|---|---|---|
| ၁ | ဟားခါးမြို့ | ညွှန်ကြားရေးမှူးရုံးဝန်ထမ်းအိမ်ရာ RC(၃)ထပ်ပေ(၈၀x၄၀x၃၆)တည်ဆောက်ခြင်း |
| ၂ | ဟားခါးမြို့ | ညွှန်ကြားရေးမှူးရုံးဂိုဒေါင်(၃၆x၂၀x၁၂) တည်ဆောက်ခြင်း |
| ၃ | တီးတိန်မြို့ | ဦးစီးအရာရှိရုံး မြေထိန်းနံရံ ပေ(၄၀ x ၁၆)ပြုလုပ်ခြင်း |

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၂၁ရက် (ရုံးချိန်အတွင်း)

၃။ **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၁၁-၂၀၂၁ရက် (ရုံးချိန်အတွင်း)

၄။ တင်ဒါတင်သွင်းသည့်ကုမ္ပဏီလုပ်ငန်းရှင်အနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။

၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၏ဌာန ဖုန်း(၀၇၀-၂၁၁၀၇၊ ၀၇၀-၂၂၅၅၂၊ ၀၇၀-၂၂၅၅၃)တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃၄

၁။ ဦးလှမြင့်ဌေး နှင့် ဦးဇော်ထွန်း
၂။ ဦးသိန်းဆောင်
**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ်-၁၀၁၇ နေ ဦးဇော်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ရက် (၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဝဏ္ဏ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၃၂၂)၊ မြေအမျိုးအစား နှစ်(၆၀) မြေငှားဂရန်၊ (အလျား ပေ ၄၀ x အနံ ပေ ၆၀)ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း (၂၀ ပေ x ပေ ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းဌေး ၁၂/သလန(နိုင်) ၀၀၇၂၂၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမျိုးမြင့် ၁၂/ဥကတ(နိုင်) ၀၄၃၃၂၉နှင့်ဒေါ်တင်ထွေးရီ ၁၂/ဥကတ(နိုင်) ၀၄၃၂၇၅တို့သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ)ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော(စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊၀၉-၂၆၀၃၉၉၀၃၅**

## ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
## တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ဘဏ္ဍာငွေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မိုးမိတ်ခရိုင်နှင့် မိုးမိတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး RC (၂)ထပ် ၇၀'x၄၄'x၂၄' (စတုရန်းပေ ၆၁၆၀) အဆောက်အအုံအား တည်ဆောက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင် ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၂၁ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၅-၁၁-၂၀၂၁ရက်၊ ၁၆:၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ တောင်ကြီးမြို့

(တင်ဒါဖွင့်မည့်ရက်အား ကြိုတင်ဆက်သွယ်၍ အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။)

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် ကော်မတီမှ သတ်မှတ်ထားသော ဒီဇိုင်းပုံစံကို လက်ရှိမြေပြင်အခြေအနေအတိုင်းအတာအရ အသေးစိတ်တွက်ချက်၍ ရေးဆွဲတင်ပြရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၂၅၅၆၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ် ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာ(၆) မျိုးဖြစ် သည့် Thermal Imaging Camera(Leader, France) (၅)လုံး ၊ Herness, Work TEC-2 Ergonomia(CT,Italy)(၁၁၆)ခု၊ Rescue Power Ascender (TAGS, Netherland)(၂)စုံ၊ Rescue Rope 15'(chaina) (၁၁၆)ခု၊ Rescue Rope 100 Meter (CT, Italy)(၂၀)ခု၊ ISC Tripod (ISC, UK) (၁၀)ခု ဝယ်ယူဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ အသေးစိတ်အချက်အလက်များနှင့် သိရှိလိုသည်များကို အောက်ပါလိပ်စာနှင့်ဖုန်းအမှတ်များတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၈-၁၀-၂၀၂၁ရက်
**တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၂၁ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၁၂၉)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးရုံး

**တင်ဒါကော်မတီ**
ဖုန်း-၀၁-၃၈၄၄၂၀၊ ၀၁-၃၇၀၃၄၈

## အိတ်ဖွင့်တင်ဒါ/လေလံခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များတွင် (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ် (၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ) (Mini Budget)အတွင်း တိုင်းဒေသကြီးရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းကို မြို့နယ်အလိုက်၊ လမ်းအလိုက်၊ လုပ်ငန်းအလိုက်၊ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်နှင့် ကတ္တရာ ပေပါခွံများအား လေလံတင်ရောင်းချရန်အတွက် တင်ဒါ/လေလံလျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၁ရက် (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက်** - ၁၅-၁၁-၂၀၂၁ရက် နံနက် ၁၀ နာရီ
**Deposit နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၁၁-၂၀၂၁ရက် မွန်းတည့် ၁၂နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၆-၁၁-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိတ္ထီလာခရိုင်

အသေးစိတ်သိရှိလိုပါက လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိတ္ထီလာမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၆၄-၂၃၀၈၇ ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ၂၀၂၁-၂၀၂၂(ကြားကာလ)ဘဏ္ဍာနှစ်(၀၁ / ၂၀၂၁-၂၀၂၂)ကြိမ်မြောက်
## အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ သစ်မာသစ်ပါးလွှာ (၁၉၉၄.၇၀၈၄)ကုဗမီတာအား အမေရိကန်ဒေါ်လာ(US$) ဖြင့် အိတ်ဖွင့်လေလံ (Online) စနစ်ဖြင့် ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ကြားချက်များနှင့်အညီ အတိအကျလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၆-၁၀-၂၀၂၁ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီ
(ခ) **ရောင်းချမည့်နေရာ** - သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်) ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်လေလံနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား မြန်မာ့သစ်လုပ်ငန်း website ဖြစ်သော www.mte.com.mmတွင် ဝင်ရောက်ကြည့်ရှု၍သော်လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၄၅၊ ၀၁-၃၇၇၂၉၆၊ ၀၁-၃၇၇၈၈၅တို့တွင်လည်းကောင်းဆက်သွယ် စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**သစ်အခြေခံစက်မှုလုပ်ငန်းဌာန(ရုံးချုပ်)**

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၅ နှင့်ဆက်နွယ်သည့်
## ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်-၅၃

ဒေါ်တင်အောင် နှင့် ဦးစိုးတင့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

`တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ (၅)လမ်း၊ အမှတ်-ရ/၁၆၃နေ တရားရှုံး ဦးစိုးတင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံး တော်တွင် တရားနိုင်ဒေါ်တင်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၁ခုနှစ် နိုဝင်ဘာလ ၁ ရက် (၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော် ရှေ့လာရောက်ရမည်။

၂၀၂၁ခုနှစ် အောက်တိုဘာလ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## တောင်ကြီးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီ/အရောင်းဆိုင်များအနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) Taunggyi Safety, Smart and Happiness City

(ခ) မိုးမိတ်ခရိုင်စုပေါင်းရုံးအတွင်းလမ်း၊ မြို့ကွက်သစ်လမ်း (၁၈)ပေ အကျယ် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း (၁)မိုင်

၂။ အဆိုပါ ဝယ်ယူ/တပ်ဆင်ခြင်း၊ တည်ဆောက်ခြင်းလုပ်ငန်းများအတွက် ပြည်တွင်း မြန်မာနိုင်ငံသားပုဂ္ဂလိကကုမ္ပဏီ/ လုပ်ငန်းရှင်များသည် ရောင်းချခြင်းဆိုင်ရာ အဆိုပြုလွှာများကို ၂၉-၁၀-၂၀၂၁ရက်မှစတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပြီး ၁၃-၁၁-၂၀၂၁ရက် ညနေ ၀၄:၀၀နာရီ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့တင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပြီး၊ တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ပုဂ္ဂလိက ကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီ/အရောင်းဆိုင်မှတ်ပုံတင် Profile ကိုပါ တစ်ပါတည်းတင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ၀၈၁-၂၀၂၂၀၈)

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း(အမှတ်စဉ်-၂)

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ် ခေါဒေါ်ရ်ကျေးရွာလယ်ရေသွယ်မြောင်းလုပ်ငန်း၊ ရဲလ်စိန်းကျေးရွာ ဥယျာဉ်ခြံအတွက် ရေသွယ်ပိုက်သွယ်တန်းခြင်းလုပ်ငန်း၊ ဖလမ်းခရိုင် တီးတိန်မြို့နယ် ခိုင်ကမ်းရေတံခါးတွင် ရေခေါ် အဆောက်အအုံပြုပြင်ခြင်းလုပ်ငန်း၊ ထိန်လေးကျေးရွာ၊ ပုမ်းလှောင်ချောင်းအထက်ကွင်း(၁.၇၅)မိုင်နှင့် အောက်ကွင်း(၂) မိုင်ကျောက်စီလယ် ရေသွယ်မြောင်းပြုပြင်ခြင်းလုပ်ငန်း၊ ဖလမ်းခရိုင် တွန်းဇံမြို့နယ် တီးခိန်ဇန်ကျေးရွာနှင့် လယ်မြေများနှင့် မှန်လုံချောင်းရေတိုက်စားမှုမှ ကာကွယ်ရန် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် မင်းတပ်ခရိုင်၊ မင်းတပ်မြို့ ရေပေးဝေရေးလုပ်ငန်းအတွက်ရေယူအဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းတို့အား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၂၁ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၅-၁၁-၂၀၂၁ရက်
**တင်ဒါဖွင့်လှစ်မည့်ရက်** - ၁၆-၁၁-၂၀၂၁ရက်
**တင်ဒါဖွင့်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၇၀-၂၁၀၆၂၊ ၀၇၀-၂၁၀၉၁တို့ဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4N/9945, Mecedes BENZ E 250, Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းအောင် ၈/မကန(နိုင်)၀၁၂၅၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖခင်အမည်မှန်

မကွေးမြို့၊ အထက (၄)မှ အဋ္ဌမတန်းအောင်မြင်ထားသော မချယ်ရီဖူး၏ ဖခင်အမည်မှန်မှာ ဦးအောင်တင် ၈/မကန(နိုင်) ၁၅၃၇၆၈ ဖြစ်ပါကြောင်း။

**ဦးအောင်တင်**

## အမည်ပြောင်း

(ဘ)ဦးမျိုးညွှန့် ၈/မကန(နိုင်) ၁၂၉၀၀၃၏သမီး၊ မကွေးမြို့၊ အထက (၃)မှ အဋ္ဌမတန်းအောင်မြင်ထားသော မလင်းထက်ထက်အောင် ၈/မကန(နိုင်) ၂၉၉၈၈၁ အား မရွှေဟန်သာဟု ပြောင်းလဲခေါ်ပါရန်။ **မရွှေဟန်သာ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 5K/8860, Mitsubishi CANTER ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၃/တကန (နိုင်)၂၁၀၆၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (တောင်ကြီး)**

## သမီးအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

ဟိုပုံးမြို့၊ အနောက်ရပ်နေ ဦးရဲတင့်-ဒေါ်နန်းလှိုင်လှိုင်ထက် တို့၏ သမီး နန်းသက်ထားစံ ၁၃/ဟပန(နိုင်)၀၉၂၀၄၇သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ၁၂-၉-၂၀၂၁ ရက်တွင် မိမိသဘောဆန္ဒအလျှောက် နေအိမ်မှဆင်းသွားပြီး ပြန်လာခြင်းမရှိသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းအထူးသည်းခံပါ)။**
**ဦးရဲတင့်-ဒေါ်နန်းလှိုင်လှိုင်ထက်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အထက (၁)မှ စာရေး (၂)တာဝန်ထမ်းဆောင်နေသော ဒေါ်ခင်ဝင်းမြင့် ၁၃/တကန(နိုင်)၀၂၅၁၇၉ ၏ဖခင် ဦးအောင်ဘ(ခ) ဦးဘမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yinkin Palm Village အိမ်ရာ၊ တိုက်အမှတ်(၄၀)၊ အခန်းအမှတ်(၁၁) မူလ အမည်ပေါက် ဒေါ်ခင်မေတုတ် ၁၂/ဗတထ(နိုင်)၀၁၈၉၀၀ (ကွယ်လွန်) ၏တစ်ဦးတည်းသောသားဖြစ်သူ ဦးဇေယျာညွှန့် ၁၂/ဗတထ(နိုင်)၀၀၀၆၅၆ (ကွယ်လွန်)၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ အထောက်အထား တင်ပြ၍ အခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် ဒေါ်အိသန္တာဖိုလ် ၁၂/ဒဂန(နိုင်)၀၂၃၀၄၃မှ လျှောက်ထားလာခြင်းအားကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အမွေစားအမွေခံသားအဖြစ်မှ
## စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ ဝါတိုးအရှေ့ရပ်ကွက်၊ အိမ်အမှတ် တ/၂၀၈နေ (ဦးချိန်စံ) ၉/ရမသ(နိုင်) ၀၀၃၅၃၈နှင့် ဒေါ်တုတ်တုတ် ၉/ရမသ (နိုင်)၀၀၃၅၁၉ တို့၏ သားဖြစ်သူ မောင်ချိန်ပန် ၉/ရမသ(နိုင်)၀၀၃၅၂၇ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ အကယ်၍ ၎င်းနှင့်ပတ်သက်ပြီး မိသားစုအား လာရောက်နှောင့်ယှက်ပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**(ဦးချိန်စံ)-ဒေါ်တုတ်တုတ်**
**ဇာမဏီမိသားစု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်(MIIT)
## ပထမနှစ်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် သင်ကြားမည့် ဘွဲ့ကြိုသင်တန်းများ၏ သင်တန်းကာလမှာ (၅)နှစ်ဖြစ်ပြီး B.E(Hons)in Computer Science and Engineering ဘွဲ့ကို အပ်နှင်းမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၂၀ လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်။

၂။ သင်တန်းတက်ရောက်မည့်သူများသည် အောက်ပါအရည်အချင်းနှင့် ပြည့်စုံရမည်-

(က) မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနအားလုံးမှ ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်ပါသည်-

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(ခ) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။ မိမိကိုင်ဆောင်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)(ပြု)(ဧည့်)ကို အပြည့်အစုံဖော်ပြ၍ မိတ္တူများကိုလည်း ပူးတွဲတင်ပြရမည်။

(ဂ) နိုင်ငံခြားသား ဧည့်ပါမောက္ခများ ပါဝင်သင်ကြားမည်ဖြစ်သဖြင့် လျှောက်ထားသူများသည် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချမှုအား နားလည်နိုင်သော အရည်အချင်းရှိရမည်။

၃။ အထက်အပိုဒ်(၂)ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တိုက်ရိုက်လျှောက်ထားရမည်။

၄။ ဝင်ခွင့်လျှောက်လွှာများကို ၁၈-၁၀-၂၀၂၁ ရက်မှစ၍ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ ကျောင်းသားရေးရာဌာနတွင် စတင်ထုတ်ယူနိုင်ပြီး ၁၀-၁၁-၂၀၂၁ ရက် နောက်ဆုံးထား၍ တိုက်ရိုက်လျှောက်ထားရမည်။ လျှောက်လွှာများကို အစိုးရရုံးဖွင့်ရက်များတွင် လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် အောက်ဖော်ပြပါအချက်အလက်များကို လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့မှသာ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လက်ခံစဉ်းစားပေးမည်ဖြစ်ပါသည်-

(က) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်လက်မှတ်(မူရင်း/မိတ္တူ)

(ခ) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း (မူရင်း/မိတ္တူ)

(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးလုံး၏နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/ မိတ္တူ)

(ဃ) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၄)ပုံ

(င) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ

၆။ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး လျှောက်လွှာနှင့်အတူတင်ပြရမည့် အချက်အလက်ပြည့်စုံသည့် လျှောက်ထားသူများသည် ၂၀-၁၁-၂၀၂၁ ရက်တွင် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် စာစစ်ဌာန၌ အရည်အချင်းစစ်ဝင်ခွင့်စာမေးပွဲအား ဝင်ရောက်ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ တက္ကသိုလ်ဝင်ခွင့်အတွက် ဝင်ခွင့်စာမေးပွဲရမှတ်နှင့် တက္ကသိုလ်ဝင်တန်းရမှတ်ကို ပူးတွဲစဉ်းစားမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၈။ အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲသည် (၂)နာရီမေးခွန်းဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအဆင့် သင်္ချာ၊ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်ဆိုင်ရာ မေးခွန်းများ ဖြေဆိုရမည်ဖြစ်ပါသည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်များကို မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ကြော်ငြာသင်ပုန်းများနှင့် www.miit.edu.mm၌ ကြော်ငြာ၍ ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြား မရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် လုံးဝ(လုံးဝ)ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ၂၀၂၁-၂၀၂၂ ခုနှစ် ဘွဲ့ကြိုသင်တန်းများ စတင်ဖွင့်လှစ်မည့်ရက်ကို အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို www.miit.edu.mmတွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၉-၇၈၅၅၅၇၇၀၆ နှင့် ၀၉-၇၈၅၅၅၇၇၀၉ တို့သို့လည်းကောင်း တိုက်ရိုက်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကျောင်းသားရေးရာဌာန**
**မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## ပြင်ဦးလွင်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်မှ ၂၀၂၁ခုနှစ် အောက်တိုဘာ ၁ရက်မှ ၂၀၂၂ခုနှစ် မတ် ၃၁ရက်အထိ (၆)လ အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကျပ်(၁၀၀)သန်းအထက် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** | - | ၂၇-၁၀-၂၀၂၁ရက်၊ (၀၉:၃၀)နာရီ (ဗုဒ္ဓဟူးနေ့) |
| (ခ) | **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** | - | ၁၂-၁၁-၂၀၂၁ရက်၊ (၁၅:၀၀)နာရီ (သောကြာနေ့) |
| (ဂ) | **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင် |
| (ဃ) | **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - | ၁၅-၁၁-၂၀၂၁ရက်၊ (၀၉:၃၀)နာရီ (တနင်္လာနေ့) |
| (င) | **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင် |

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ပြင်ဦးလွင်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း-၀၈၅-၂၀၂၂၆၄၉သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ဒေါ်နွယ်နွယ်စိုး ၁၄/လပတ(နိုင်)၂၅၁၆၄၃ နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သ-၁၃/အိမ်အမှတ် (၇၃) နေ ဦးထွန်းနိုင်ဦး ၉/မရမ(နိုင်)၀၈၀၁၀၇ ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးထွန်းနိုင်ဦးနှင့် ဒေါ်နွယ်နွယ်စိုးတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ပြီး သားသမီး(၃)ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ လက်ထပ်ပေါင်းသင်းနေစဉ်အတွင်း ဦးထွန်းနိုင်ဦးသည် ခင်ပွန်းဝတ္တရားနှင့်အညီ ရှာဖွေကျွေးမွေးစောင့်ရှောက်ခဲ့သည်မှာ ဒေါ်နွယ်နွယ်စိုးအသိပင်ဖြစ်ပါသည်။ ထိုသို့လက်ထပ်ပေါင်းသင်းနေထိုင်သည့် ကာလအတွင်း မည်သို့သော ပြဿနာတစ်စုံတစ်ရာမျှ ပေါ်ပေါက်ခဲ့ခြင်းမရှိသည်ကိုလည်း ဒေါ်နွယ်နွယ်စိုး အသိပင်ဖြစ်ပါသည်။ သို့ရာတွင် ဒေါ်နွယ်နွယ်စိုးသည် ၁၄-၆-၂၀၂၁ ရက်တွင် တစ်ကြိမ်၊ ၇-၉-၂၀၂၁ ရက်တွင် တစ်ကြိမ် နေအိမ်မှ ထွက်ခွာသွားခဲ့ပြီး ယနေ့အချိန်ထိ ပြန်လည်ရောက်ရှိခဲ့ခြင်း မရှိပါ။ ဒေါ်နွယ်နွယ်စိုး၏မိဘများ၊ မိတ်ဆွေအပေါင်းအသင်းသူငယ်ချင်းများကို အကြိမ်ကြိမ် ဆက်သွယ် အကြောင်းကြားခဲ့သော်လည်း သိရှိခြင်းမရှိကြောင်းသာ အကြောင်းပြန်ခဲ့ပါသည်။ တခြားနည်းမျိုးစုံဖြင့် ဆက်သွယ်ခဲ့သော်လည်း ဆက်သွယ်၍ မရပါ။ သို့ဖြစ်ပါ၍ ဒေါ်နွယ်နွယ်စိုးအနေနှင့် ကျွန်ုပ်အမှုသည် ဦးထွန်းနိုင်ဦးအား ၃၀-၁၀-၂၀၂၁ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ ပြန်လည် ဆက်သွယ်ခြင်းမရှိပါက ကျွန်ုပ်၏ အမှုသည်၏ သဘောဆန္ဒအတိုင်း တရားဥပဒေ ဘောင်အတွင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးထွန်းနိုင်ဦး**
**၉/မရမ(နိုင်)၀၈၀၁၀၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချောစု(စဉ်-၁၃၄၈၈)**
**LL.B,LL.M**
**ဖုန်း-၀၉-၄၄၄၀၁၇၇၁၁**

---

## မတည်ရင်းနှီးငွေလျှော့ခြင်းကိစ္စရှယ်ယာရှင်များသို့ အသိပေး အကြောင်းကြားခြင်း

မိမိတို့၏ Myanmar Arr Thit Man Finance Co.,Ltd ၏ မတည်ရင်းနှီးငွေ 1000000000.00 ကျပ် (စာဖြင့်-ကျပ်သိန်းတစ်သောင်း)မှ 100000000.00 ကျပ် (စာဖြင့်-ကျပ်သိန်းတစ်ထောင်)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် အသိပေးအပ်ပါသည်။

**Myanmar Arr Thit Man Finance Co.,Ltd.**
**ဖုန်း-၀၉-၉၅၄၂၉၄၁၈၈**

---

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၄
### ကွယ်လွန်သူ ဦးစံရွှေ၏ ကျန်ရစ်သော အမွေပစ္စည်းများအကြောင်း။

ဒေါ်မဲတူ(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်မျိုးဆန်း **လျှောက်သူ)**

တောင်ငယ်ကျော်အနောက်ရပ်၊ မုံတောကျေးရွာအုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးမြို့နေ ဒေါ်မဲတူက ကွယ်လွန်သူ ဦးစံရွှေ၏ တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်ပြီး အမွေဆက်ခံသူဖြစ်သည်ဟူ၍ တောင်ငယ်ကျော်အနောက်ရပ်၊ မုံတောကျေးရွာအုပ်စု၊ အမရပူရမြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးစံရွှေမှ ကျန်ရစ်သော ပစ္စည်းများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မုံတောကျေးရွာအုပ်စု၊ တောင်ငယ်ကျော်အနောက်ရပ်၊ ကွင်းအမှတ်(၅၇၂-အီး)၊ ဦးပိုင်အမှတ်(၁၂၁/၁)၊ ဧရိယာ ၁ ဒသမ ၄၆ဧက အကျယ်အဝန်းရှိ ဥယျာဉ်မြေကွက်၊ ဦးပိုင်အမှတ်(၁၇၄/၂)၊ ဧရိယာ ၀ ဒသမ ၉၂ဧက အကျယ်အဝန်းရှိ ယာမြေကွက်နှင့် ဦးပိုင်အမှတ်(၁၇၄/၃)၊ ဧရိယာ ၀ ဒသမ ၄၅ဧက အကျယ်အဝန်းရှိ ယာမြေကွက်များကို အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးစံရွှေကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၈ရက် (၁၃၈၃ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်မဲတူ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ခုနှစ် အောက်တိုဘာ ၁၃ရက် ဤတရားရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်ပါသည်။

**(နိုင်လင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်3F/1049 Ford Ranger P/U (4x2)L Single Cab ယာဉ်လက်ဝယ်ရှိသူ Diamond Star Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်2H/8821 Toyota Corolla Fielder NZE 14, Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိမ်းလဲ့ရည် (ခ) ကတ်သရင်း ၁၂/သကတ (နိုင်)၁၉၀၈၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

---

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂ လမ်း၊ ၁၁၅ အေလမ်းနှင့် ၁၁၆ လမ်းကြား၊ (သ-၁၂/၇+၁၄)နေ ဒေါ်သိန်းသိန်း(ဘ)ဦးဟောင်ယူရှင် ၁၃/ကမန (နိုင်)၀၈၂၈၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရင်းတိုက်ပင်ကျေးရွာအုပ်စု၊ ရေကျော်ကျေးရွာ၊ ကွင်းအမှတ်(၅၇၁-က)၊ ကွင်းအမည်-ရင်းတိုက်ပင်၊ ဦးပိုင်လုပ်ကွက်အမှတ်(၆၂/၁-က)၊ ဧရိယာ ၂ ဒသမ ၇၉ ဧက အကျယ်အဝန်းရှိ လယ်မြေကွက်နှင့် ၎င်းမြေကွက်၏အရှေ့ဘက်ခြမ်းနှင့် အမှတ်(၄)လမ်းမကြီးကြား၊ ဧရိယာ (၄၅၀x၂၅)ပေ၊ ၀ ဒသမ ၂၆ ဧက အကျယ်အဝန်းရှိ လယ်မြေကွက် စုစုပေါင်းဧရိယာ ၃ ဒသမ ၀၄ ဧက အကျယ်အဝန်းရှိ ဦးမြင့်စိန် (ဘ)ဦးထွန်းမြိုင် ၁၂/မဘန(နိုင်)၀၅၇၂၉၆ ကိုင်ဆောင်သူ ပုံစံ(၇)အမည်ပေါက် လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်နှင့်တကွ လုပ်ပိုင်ခွင့်၊ အကျိုးခံစားခွင့်၊ အခွင့်အရေး အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးမြင့်စိန် (ဘ)ဦးထွန်းမြိုင် ၁၂/မဘန(နိုင်)၀၅၇၂၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဥမ္မာမြင့်(LL.B)** | **ဒေါ်အိအိဇင်(LL.B)** | **ဦးမျိုးမင်းခိုင်(LL.B)** |
| **(စဉ်-၈၆၇၅)** | **(စဉ်-၁၃၁၇၀)** | **(စဉ်-၂၅၀၅၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အကွက်(ခေ-၂၇/၃၈)၊ (၅၄-ဘီ)လမ်း၊ ၁၃၀ လမ်း(အေးသုခလမ်း)x၁၃၁ လမ်း (ရတနာလမ်း)ကြား၊ (ဆ)ရပ်ကွက်၊ ရတနာပုံမြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၃၁၀၂၁၀၇၊ ၀၉-၇၆၄၁၀၂၁၀၇**

---

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၅)၊ ဦးပိုင်အမှတ်(၂၅)ဟု ခေါ်တွင်သည့် ဧရိယာ(၄၀x၃၀)ပေရှိ မြေကွက်သည် ရတနာပုံမြို့ကွက်သစ်မြေနေရာချထားပေးရေးအဖွဲ့မှ ဦးတိုးအမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ကြောင်း၊ အဆိုပါမြေကွက်အား နိုတြီအဆက်ဆက်၊ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ကြောင်း၊ မိမိလက်ရှိဖြစ်ကြောင်း၊ ယခုလက်ရှိ မိမိအသုံးပြုလျက်ရှိကြောင်း၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့် (ဘ)ဦးလှတဲ့၏(သမီး) ဒေါ်သီတာပြုံး ၅/အတန(နိုင်)၀၅၃၅၁၁ထံမှ အဆိုပါမြေကွက်နှင့် မြေပေါ်မြေအောက်ပိုင်ဆိုင်ခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏အကျိုးတစ်စုံတစ်ရာသက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ပြည့်စုံခိုင်မာသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သူဇာလင်း(စဉ်-၉၂၈၆)**
**LL.B, D.B.L, D.I.L, D.I.R**
**DL-101, I.P Law(WIPO;GENEVA)**
**တရားလွှတ်တော်ရှေ့နေ**

**ဦးသိန်းသန်းဦး (စဉ်-၄၇၈၀၇) အထက်တန်းရှေ့နေ**
**ဒေါ်သူဇာကျော် (စဉ်-၄၉၅၉၆) အထက်တန်းရှေ့နေ**
